ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် တနင်္လာနေ့။ Monday, 13 March 2017 (၈၈၆၄)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၂**

၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြေးမုံ အထူးကဏ္ဍ

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် ပထမ တစ်နှစ်တာ**

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# ယခုနှစ်မှစ၍ ထူးခြားသည့် အနုပညာရှင်၊ အတတ်ပညာရှင်ကို အထူးဆု ချီးမြှင့်မည်ဖြစ်ရာ ရင်ခုန်စိတ်လှုပ်ရှားစွာ မျှော်လင့်နိုင်

**ရန်ကုန် မတ် ၁၂**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ခဲ့သည့် ကာလတစ်လျှောက်တွင် အထူးဆုချီးမြှင့်ခဲ့ရာ၌ ကလေးသရုပ်ဆောင်များကိုသာ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်မှစတင်၍ အထူးဆုဟူသော အမည်ဂုဏ်ပုဒ်နှင့်အတူ ထူးခြားကောင်းမွန်သော အနုပညာရှင်၊ အတတ်ပညာရှင်ကိုရွေးချယ်၍ အထူးဆုအနေဖြင့် ချီးမြှင့်သွားမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆန်ခါတင်စာရင်းဝင် အနုပညာရှင်၊ အတတ်ပညာရှင်တိုင်း ရင်ခုန်စိတ်လှုပ်ရှားစွာ မျှော်လင့်နိုင်မည့် ဆုတစ်ဆုဖြစ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ မတ် ၁၈ ရက် ညနေပိုင်းတွင်ကျင်းပသွားမည်ဖြစ်ရာ အဆိုပါနှစ်အတွက် စာရင်းဝင်ဇာတ်ကား ၃၃ ကားအနက် ဆန်ခါတင်စာရင်းဝင်ဇာတ်ကား ၁၀ ကားအနက် ထူးချွန်ဆု ၁၁ ဆု

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✱



ကြေးမုံ

# နိုင်ငံတော်၏တစ်နှစ်တာ ပြည်သူ့ဆန္ဒ

"ပြည်သူ့အသံ-လွှတ်တော်အသံ" ဟူသည့်ဆောင်ပုဒ်မှာ ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်ပုဂ္ဂိုလ်တို့၏အသံဖြစ်သော လွှတ်တော်အတွင်းမှ အသံဖြစ်သည်။ ပြည်သူများကိုကိုယ်စားပြု၍ ပြည်သူ့အကျိုးကိုဆောင်ရွက်ကြသောကြောင့် ပြည်သူ့အသံ-လွှတ်တော်အသံဟု ခေါ်ဆိုထိုက်သည်။ လွှတ်တော်အတွင်းမှ ပဲ့တင်ထပ်လာသော အသံများသည် ပြည်သူလူထု၏လိုအပ်ချက်၊ ပြည်သူလူထု၏မျှော်လင့်ချက်၊ ပြည်သူလူထု၏ သိလိုချက်များနှင့် ထင်ဟပ်နေသဖြင့် ပြည်သူတို့က စိတ်ဝင်စားကြသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း ၅၀ ကျော်ရှိနေပြီ။ လူဦးရေမှာ တစ်နေ့တခြား တိုးပွားနေသည်။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ဖော်ဆောင်နေသဖြင့် အချုပ်အခြာအာဏာသည် ပြည်သူတို့၌တည်သည်။ သို့ရာတွင် ပြည်သူသန်း ၅၀ ကျော်သည် နိုင်ငံတော်၏အရေးအရာကိစ္စအဝဝတို့ကို တစ်နေရာတည်း၌စုဝေး၍ ဆွေးနွေးဆုံးဖြတ်ခြင်းမပြုနိုင်ပေ။

ထို့ကြောင့် ပြည်သူတို့က ကာလအပိုင်းအခြားသတ်မှတ်၍ မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များက နိုင်ငံတော်အရေးအရာကိစ္စများကို တာဝန်ယူစဉ်းစားဆုံးဖြတ်ရသည်။ လိုအပ်သလို ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြင်ဆင်ကြရသည်။ ၎င်းကိုယ်စားလှယ်များသည် ပြည်သူတို့နှင့် အမြဲတစေထိတွေ့နေသဖြင့် ကိစ္စအဝဝတွင် ပြည်သူတို့၏ သဘောထား၊ ဆန္ဒတို့ကို သိရှိပြီးဖြစ်သည်ဟု ယုံကြည်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် နိုင်ငံရေးပါတီ ၁၁ ပါတီမှ ပြည်သူ့ကိုယ်စားလှယ် ၃၂၃ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ကိုယ်စားလှယ်စုစုပေါင်း ၄၃၃ ဦးတို့က နိုင်ငံ့အရေး၊ ပြည်သူ့အရေးတို့ကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအား စောင့်ကြည့်ထိန်းညှိခြင်းများကိုလည်း ဆောင်ရွက်သည်။ ပြည်သူတို့ထံမှ ရောက်ရှိလာသော တင်ပြစာ၊ တိုင်ကြားစာများကိုလည်း ကော်မတီအလိုက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးသည်။

ဥပမာအားဖြင့် နိုင်ငံပိုင်မြေ၊ စက်ရုံ၊ စီးပွားရေးလုပ်ငန်းများအား အလျင်စလိုငှားရမ်းလွှဲပြောင်းရောင်းချမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများ အဆောတလျင်ခွင့်ပြုမှု၊ ကျူးကျော်မှု၊ အဓမ္မဖယ်ရှားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားရေးမဏ္ဍိုင်တည့်မတ်မှု၊ ဘတ်ဂျက်သုံးစွဲမှုစသည့်ကိစ္စရပ်များတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် တိုက်တွန်းမှု၊ ဆွေးနွေးမှု၊ အတည်ပြုမှု၊ မှတ်တမ်းတင်မှုတို့ကို ပြုနိုင်ခဲ့သည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကိုပြုသည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို စောင့်ကြည့်ထိန်းညှိခြင်းတို့ကိုလည်း ဆောင်ရွက်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ခံထားသည့် အုပ်ချုပ်မှုကိစ္စ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောကိစ္စများနှင့်ပတ်သက်သည်များကို ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခဲ့ကြသည်။

သိသာထင်ရှားသည်မှာ ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ဆောင်ရွက်ချက်များနှင့် ကာလရှည်ကြာစွာ ပြည်သူလူထုအပေါ် ဖိစီးနေခဲ့သည့် လောကပါလတရားများနှင့် ညီညွတ်ခြင်းမရှိသော ၁၉၅၀ ပြည့် အရေးပေါ်စီမံခန့်ခွဲမှုအက်ဥပဒေ။ ဒီမိုကရေစီစံချိန်စံညွှန်း၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်မကိုက်ညီသည့် နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတို့ကို ပယ်ဖျက်နိုင်ခဲ့သည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် အားကောင်းမောင်းသန်ရှိခဲ့သည်ကို ပြည်သူများက အသိအမှတ်ပြုခဲ့ကြသည်။ လွှတ်တော်သည် ပြည်သူတို့၏ဆန္ဒကိုပြဆိုသော ကြေးမုံပြင်ဖြစ်သည်။ ယခု ပြည်သူ့ဆန္ဒအစစ်အမှန်ကို ပြသကြသည်။ ထိုသို့ဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့်ကင်းကွာနေ၍ မဖြစ်နိုင်ချေ။ ပြည်သူတို့နှင့်တစ်သားတည်း ထဲထဲဝင်ဝင်ရှိသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လွှတ်တော်အဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## လူထုပဟိုပြု စီမံကိန်းလုပ်ငန်း စည်းဝေး

**ပေါင် မတ် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ်လ ပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာကိုယ်စားလှယ်များက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို ညှိနှိုင်းတင်ပြကြသည်။

ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ် ကျေးရွာပေါင်း ၁၅၅ ရွာရှိသည့်အနက် ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၅၆ ရွာ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၆ ခုအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမြင့်မြို့ဟောင်းကို ရှေးဟောင်းနေရာအဆင့်သို့ မြှင့်တင်သတ်မှတ်ပြဋ္ဌာန်းပေးရန် တင်ပြထား



**မုံရွာ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းထားသော ဇုန်(PZ)မှ ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)နှင့် ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန်(MZ)အဆင့်သို့ မြှင့်တင်သတ်မှတ်ပြဋ္ဌာန်းပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံတင်ပြရာ ခရီးသွားများ စိတ်ဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ဆက်လက်တင်ပြထားကြောင်း အမြင့်မြို့ဟောင်းဒေသခံ စစ်ကိုင်းတိုင်းဒေသကြီး သာသနနုဂ္ဂဟအသင်းနာယက ဦးဉာဏ်အောင်က ပြောသည်။

"ရှေးဟောင်း ခေတ်သစ်အသွင်ပြောင်းကာလမှာ အမြင့်မြို့ဟောင်းဒေသဝန်းကျင်ကို ခရီးသွားဧည့်သည်တွေ၊ သမိုင်းသုတေသီတွေ၊ လေ့လာရေးအဖွဲ့တွေနဲ့ စာပေပညာရှင်တွေ အခါမလပ် လာရောက်နေပါတယ်။ အထူးသဖြင့် ပုဂံရှေးဟောင်းဒေသကနေ ဆင်ဖြူရှင်တံတားကို ဖြတ်ပြီး အမြင့်မြို့ဟောင်းကို သွားလာနိုင်ဖို့နဲ့ အိန္ဒိယမြန်မာမဟာဗျူဟာ လမ်းမကြီးနဲ့ယှဉ်ပြီး ပြည်တွင်းပြည်ပ ဧည့်သည်တွေ မုံရွာမြို့ကနေ အမြင့်မြို့ဟောင်းကို အလွယ်တကူသွားနိုင်ဖို့ အမြင့်မြို့ဟောင်းဒေသအတွက် အချက်အချာကျနေပါတယ်။ ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနက အမြင့်မြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ)အဖြစ် သတ်မှတ်ခဲ့ပါတယ်။ (PZ) ဇုန်ကနေ ရှေးဟောင်းနေရာတည်ရှိရာဇုန်(AZ)နဲ့ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်(MZ)အဆင့်ကို တိုးမြှင့်သတ်မှတ်ပြဋ္ဌာန်းပေးရေးကို ဝန်ကြီးချုပ်ဆီကို တင်ပြထားတာ စိတ်ဝင်တစားနဲ့ ဆောင်ရွက်ပေးမယ်လို့ ပြောပါတယ်" ဟု ၎င်းက ပြောသည်။

ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မုံရွာမြို့မှ အမြင့်မြို့ဟောင်းသို့ ၁၃ မိုင်ခန့်ရှိသောလမ်းပိုင်း၊ ချောင်းဦးမြို့မှ အမြင့်မြို့ဟောင်းသို့ ၇ မိုင်ခန့်ရှိသော လမ်းပိုင်းနှင့် တောကျောင်းကြီး (ဆင်ဖြူရှင်တံတား)မှ အမြင့်မြို့ဟောင်းသို့ ၆ မိုင်ခန့်ရှိလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုကိုလည်း မကြာမီစတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမြင့်မြို့ဟောင်းသည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ မင်းဆက်၂၄ ဆက်တိုင် မြို့ဝန်၊ မြို့စား၊ နယ်စား၊ ရွာစား၊ သူကြီးများခန့်ထား၍ အုပ်ချုပ်ခဲ့သော တံဆိပ် ငါးထပ်ရ(ငါးမည်ရ)မြို့အဖြစ် ရပ်တည်ခဲ့သည်။ ယခုအခါ နှစ်ပေါင်း ၁၀၀၀ ကျော်ကာလက တည်ရှိခဲ့သော စေတီပေါင်း ၃၃၆ ဆူ၊ ကျောက်စာ ၆၃ ချပ်၊ ကျုံး၊ မြို့ရိုး၊ တံခါး၊ ကျောင်းတော်ကြီးများရှိခဲ့ရာမှ အချို့သောယဉ်ကျေးမှုအမွေအနှစ်များမှာ သဘာဝဘေးဒဏ်၊ စစ်ဘေးဒဏ်နှင့် မသမာသူတို့၏ ဖျက်ဆီးမှုကြောင့် ချွတ်ယွင်းပျက်စီး ပျောက်ကွယ်ခဲ့ရကြောင်း အမြင့်မြို့ဟောင်းရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တင်ပြသည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဒေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ

## ❁ သာသနာတော်မှ

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အတုလကာရီဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသက သမ္မောဒနီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ချောက်မြို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အတုလကာရီဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသနှင့် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ ကမမောင်းဗဟို သာသနာပြုဌာန ဆရာတော်ဘဒ္ဒန္တကုမာရနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အသောကာရုံ ရေလည်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တလာဘာဝတတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ချုံအင်းကျေးရွာ သီရိမင်္ဂလာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဩဘာသနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိကတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မဇ္ဈိမာရုံပါရမီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသာရ၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ငပယင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့မရွှေဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ နန္ဒာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသိရီတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာဂန္ဓာရုံ တိုက်သစ်ဆရာတော် ဘဒ္ဒန္တမဟိန္ဒ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဩဘာသ၊ မွန်ပြည်နယ် မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကိတ္တိဝဏ္ဏနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီစံပြကျေးရွာ ကမ်းနီပရိယတ္တိ ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဓမ္မရာဇိက ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုဒ္ဓနန္ဒ၊ မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ရေရှင်ကျေးရွာ ရေရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒဓဇတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်

စာမျက်နှာ ၄ သို့ »»»


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


ဒုတိယသမ္မတ ဦးမြင့်ဆွေ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အသောကာရုံရေလည်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တလာဘာဝတအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိကအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘွဲ့တံဆိပ်တော်ရဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

»»»» စာမျက်နှာ ၃ မှ
ကျိုက်မရောမြို့နယ် ကော့ဒွန်းကျေးရွာ ကော့ဒွန်း ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တသုမန၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ ဖလန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရွှေမင်းဝန်ကျောင်းတိုက် အင်္ဂါဒေါင့်ဓမ္မာစရိယကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလနှင့် မြင်းခြံမြို့နယ် သိမ်ကျေးရွာ သိမ်တော်ရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခန္တိသာရတို့အားလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝိမလာရာမ နတ်ညွှန်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မဟာသုဒဿနာရာမ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ၊ ရှမ်းပြည်နယ် လားရှိုးမြို့ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မဇေယျာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ တို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးအားလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးအားလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးအားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇန ဟိတဓရ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးက မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများဖြစ်သော ဒေါ်ပုညကာရီ၊ ဒေါ်ဂုဏထေရီနှင့် ဒေါ်တိက္ခဝတီတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချိုက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါးအားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော်

စာမျက်နှာ ၅ သို့ ❐



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချို ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ချိုချို သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိသူ ဒေါ်ဆွေဆွေဦးအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိသူ ဒေါ်မြနှင်းဝေအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဌေးရည် သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိသူ ဒေါ်ကြည်ခင်အား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်အေးသီတာ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိသူ ဒေါ်ရင်ရင်ဝင်းအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် သုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဦးကြည်စိုးအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်မေသက်မော်အား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေ သုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဒေါက်တာဝင်းဆွေဦးအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဦးတင်ဝင်းညိုအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ Mr.SANG YOUNG MIN အား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်တင်တင်အေးအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၄ မှ

ရရှိကြသူများအား ဘွဲ့တံဆိပ်များချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သီရိသုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဒေါက်တာလှဝင်းအောင်၊ သုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဦးကြည်စိုးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က သုဓမ္မမဏိဇောတရေ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်မေသက်မော်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်အေးအေးအောင်နှင့် ဒေါ်သိန်းသိန်းနိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချို့ချို့၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၏ ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်အေးသီတာတို့က သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့❍

# နွံအိုင်ထဲမှ ကြာပန်းလေးများ

## ပုညခင်

ဝေ့ခနဲ တိုက်ခတ်လိုက်သော နွေလေရူးက ပွတ်ခဲနေသော တဲစုလေးများအကြားမှ ဖြတ်သန်းလျက် ပုပ်အဲ့အဲ့ အနံ့တချို့ကို သယ်ဆောင်လာသည်။ ပူပြင်းသော နေရောင်အောက်မှာ တဲစုလေးများက တစ်မျှော်တစ်ခေါ်။ ကျွန်မရှေ့တည့်တည့်မှာတော့ နောက်ကျိသော ရေမြောင်းတစ်ခု။ ထိုရေမြောင်းကိုဖြတ်ဖို့ ခနော်ခနဲ့ တံတားလေးတစ်ခုထိုးထားသည်။ ထိုတံတားလေးကို ကျော်လိုက်လျှင် ကျူးကျော်နယ်မြေကို ခြေချမိပြီ။ ထိုတဲစုလေးများကြားက တစ်ခုသော တဲတစ်လုံးမှာတော့ ရုပ်ရှင်ရိုက်ကွင်းတစ်ခုရှိနေပါသည်။ ကျွန်မ၏ "အရှေ့တံခါးအဝင်" ဝတ္ထုကို ရိုက်ကူးသည့် "ရွှေကြာ" ရုပ်ရှင်ရိုက်ကွင်းဖြစ်သည်။ ကျွန်မဝတ္ထုထဲက ဇာတ်ကောင်အမည်မှာ ရွှေကြာဖြစ်သဖြင့် ထိုနာမည်ကို ရုပ်ရှင်နာမည်အဖြစ်ယူလိုက်ခြင်းပင်။

ထိုဝတ္ထုကိုမရေးခင်က ဒီလိုကျူးကျော်တဲတန်းတွေကို ကျွန်မရောက်ခဲ့ဖူးပြီ။ ယခုအကြိမ်က ဒုတိယအကြိမ်ဖြစ်သည်။ စာရေးဖို့က တစ်ကြိမ်၊ အခုရုပ်ရှင်ရိုက်တော့တစ်ကြိမ်။

မညီညာသောမြေသားများကိုနင်းကာ တဲစုလေးများကြားရှိ လူသွားလမ်းလေးအတိုင်း ကျွန်မလျှောက်လာခဲ့ရင်း ပတ်ဝန်းကျင်ကိုလေ့လာစူးစမ်းလာခဲ့သည်။ အလို . . ကလေးတွေကများလှပါလား။ တဲငယ်လေးတွေ၏ တံခါးဝမှာ။ လမ်းပေါ်မှာ။ ကလေးတွေ ကလေးတွေ။ တချို့က ရုပ်မလှ။ တချို့က ရုပ်သန့်သန့်။ သို့သော် အနည်းငယ်ညစ်နွမ်းပေရေလျက်။ သူတို့၏ မျက်လုံးတွေကတော့ အသွင်သဏ္ဌာန်နှင့် ကွဲပြားစွာ ကြည်လင်တောက်ပလျက်။

ရိုက်ကွင်းတည်ရာ တဲတစ်ဝိုက်မှာတော့ ကလေးတွေရော လူကြီးတွေပါ စုဝေးရောက်ရှိနေခဲ့ကြသည်။ သူတို့မဆူညံကြပါ။ သူတို့မတိုးဝှေ့ကြပါ။ သူတို့အလိုက်သိစွာပင် ရိုက်ကွင်းကို စိတ်ဝင်တစားကြည့်နေခဲ့ကြသည်။ ကျွန်မကတော့ သူတို့ကိုသာ စိတ်ဝင်တစားကြည့်နေခဲ့မိပါသည်။ ကျူထရံကွက်ကျဲ၏ အနောက်ဘက်ဆီမှ ချောင်းကြည့်နေသော မျက်လုံးလေးများ။ ရယ်မောနေသော မျက်နှာလေးများ။ ကျွန်မက ဆံပင်ဆေးဆိုးထားသည့် ကလေးတစ်ယောက်ကို ပြုံးပြပြီး လက်ယပ်ခေါ်လိုက်သည်။ သူကခပ်ရဲရဲပင် ကျွန်မရှေ့သို့ရောက်လာသည်။ သူ့ဆံပင်က ခရမ်းရောင်တစ်ရစ်၊ ရွှေဝါရောင်တစ်ရစ်။ အသားအရည်က ညိုညစ်ညစ်။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးဆိုတာကတော့ နှစ်လိုဖွယ်ရှိမြဲ။ ကျွန်မသူ့ကို မေးခွန်းထုတ်လိုက်သည်။

"သား မင်းဆံပင်က ဘယ်မှာဆိုးတာလဲ"

"ကိုယ့်ဘာသာဆိုးတာ"

"ဟုတ်လား။ ဆေးက ဘယ်ကရလဲ"

"ဝယ်တာပေါ့။ တစ်ရောင် သုံးရာ၊ နှစ်ရောင် ခြောက်ရာ။ ခြောက်ရာဖိုးဆိုးထားတာ"

"ပိုက်ဆံဘယ်ကရလဲ"

"မုန့်ဖိုးစုထားတာပေါ့"

"မုန့်ဖိုးကဘယ်လောက်ရလို့လဲ"

"တစ်ရာ"

"သားကျောင်းနေလား"

"နေတယ်"

"ဘယ်ကျောင်းမှာလဲ"

"အမှတ် (၇) ကျောင်းမှာ"

ကျွန်မသူ့ကို မေးခွန်းတွေဆက်မေးနေမိသည်။ သူကလည်း သွက်သွက်လက်လက်ပင် ဖြေသည်။ သူ့အဖေက ပန်းရန်လုပ်သည့်အကြောင်း၊ ဧရာဝတီတိုင်းဘက်ကနေ ပြောင်းရွှေ့လာသည့်အကြောင်း၊ သူ့နာမည်မေးတော့ ချစ်ရင်ထူးဟုဆိုသဖြင့် ကျွန်မပြုံးလိုက်မိသည်။

နောက်တစ်ယောက်က ကျော့ကျော့ဝေတဲ့။ ဆယ်နှစ်သမီး၊ စတုတ္ထတန်းကျောင်းသူဖြစ်သည်။ သူကတော့ မုန့်ဖိုးလေးရာရသည်ဟုဆိုသည်။ သူ့အဖေက ကျောက်ထမ်းသမား။ သူက အနည်းငယ်ပိန်လှီသော်လည်း မျက်လုံးတွေကတော့လှပသည်။

နောက်တစ်ယောက်ကတော့ စွဲမက်ဖြိုးတဲ့။ နာမည်က အလန်း။ လူကလည်း လန်းဆန်းသွက်လက် စကားကြွယ်သည်။

"သမီးတို့က မောင်နှမသုံးယောက်၊ နို့မို့ လေးယောက်ဖြစ်မှာ။ တစ်ယောက်ကအဖတ်မတင်လို့"

**ဆည်းဆာရောင်အောက်တွင် အပြစ်ကင်းစင်စွာလှနေကြသော ကလေးတစ်ယောက်ချင်းစီ၏ မျက်နှာလေးတွေကိုကြည့်ရင်း ဒီကလေးတွေထဲကရော နွံထဲမှာကြာပေါက်သလို တစ်နေ့မှာ ထွန်းပေါက်အောင်မြင်သူတွေ ပေါ်ပေါက်မလာနိုင်ဘူးလားဟု တွေးသည်။ မျှော်လင့်သည်။**

အံမယ် . . ကိုးနှစ်သမီးစကားပြောတာက အသက်ထက်ပိုပြီး ရင့်ကျက်သလိုပါပဲလား။ ကျွန်မသူ့ကို သဘောကျသွားသည်။ ကျွန်မသူ့ကို မေးခွန်းတွေထုတ်နေဆဲမှာ ကလေးတစ်ယောက်က ဖုန်းလေးကိုင်ကာ ကျွန်မကိုဓာတ်ပုံလာရိုက်သဖြင့် ကျွန်မမျက်ခုံးပင့်သွားမိသည်။ သူဖုန်းကိုင်ပုံက အသားတကျရှိလှသည်။ ကျွန်မ သူ့ကို မေးခွန်းထုတ်မိပြန်သည်။ သူကလည်း သွက်သွက်လက်လက်ပင်ဖြေသည်။ သူ့အသက်က ၁၄ နှစ်။ စတုတ္ထတန်းနှစ်မှာ ကျောင်းထွက်ထားသည်။ သူတို့ရပ်ကွက်နှင့် မဝေးလှသော စက်မှုဇုန်ထဲက ဗလာစာအုပ်စက်ရုံမှာ အလုပ်လုပ်သည်။ တစ်နေ့လုပ်ခ သုံးထောင်ရသည်။ သူကိုင်ထားသည့်ဖုန်းကို သုံးသောင်းနှင့် ဝယ်ခဲ့သည်ဟု ဆိုသည်။

ခဏကြာတော့ အမျိုးသမီးတစ်ယောက် ကျွန်မကို စကားလာပြောသည်။

"အစ်မတို့ ဒီအချိန်မို့ ရိုက်လို့ရတာ။ ညနေဆို တစ်ရပ်ကွက်လုံး ကက်ဆက်သံ၊ တီဗွီသံတွေ ဆူညံနေတာ။ အစ်မတို့ ရိုက်လို့ အဆင်ပြေမှာမဟုတ်ဘူး"

"ဟုတ်လား။ အိမ်တိုင်းမှာ တီဗွီရှိတာလား"

"ရှိတယ်လေ"

သူက တီဗွီရှိတယ်သာပြောသော်လည်း ကျွန်မမျက်စေ့ထဲမှာတော့ ဘာတီဗွီမှမမြင်။ ကျွန်မတို့ထိုင်နေသည့် တဲထဲကို ဝေ့ဝဲကြည့်မိတော့ ဘာပစ္စည်းမှ မည်မည်ရရမရှိလှ။ သို့သော် ဘုရားစင်လေးကိုတော့ ကျကျနနလုပ်ထားသည်။ ပြီးတော့မြင်းဖြူရှင်နတ်စင်တစ်ခု။ အိမ်ပြင်မှာ ပဲခူးမယ်တော်နတ်စင်တစ်ခုကိုလည်း တွေ့ခဲ့ရသည်။ အိမ်တစ်အိမ် ဘုရားစင်တစ်ခု၊ နတ်စင်နှစ်ခု၊ အိမ်တိုင်းအိမ်တိုင်းမှာ နတ်စင်တွေရှိကြသည်ဟု ဆိုပါသည်။

"ဟိုမှာလေ အဲဒါတီဗွီပေါ့"

သူလက်ညှိုးညွှန်ရာကို ကြည့်မိတော့မှ portable တီဗွီအပြားလေးကို သွားတွေ့သည်။ သူတို့ခေတ်မီကြသားပဲ။

"ကျွန်မတို့ရပ်ကွက်က ညနေ ၅ နာရီကနေ ၁၁ နာရီအထိ မီးစက်မောင်းပေးတယ်လေ။ မီးထွန်းရုံပဲဆို တစ်နေ့ တစ်ရာပေးရတယ်။ ဖုန်းအားသွင်းရင် တစ်နေ့ ၂၀၀၊ တီဗွီကြည့်၊ ကက်ဆက်ပါဖွင့်မယ်ဆို တစ်နေ့ လေးရာပေးရတယ်။ ပိုက်ဆံရှိတဲ့သူတွေက မီးစက်ဝယ်ပြီး မောင်းကြတာပေါ့။ တစ်ရပ်ကွက်လုံးအတွက် မီးပေးဖို့ မီးစက်လေးလုံးရှိတယ်"

"ဒီရပ်ကွက်က အိမ်ခြေဘယ်လောက်ရှိတာလဲ"

"သုံးထောင်လောက်ရှိတယ်"

အိမ်ခြေသုံးထောင်ရှိသော ကျူးကျော်ရပ်ကွက်ကြီးတစ်ခု။ မီးစက်လေးလုံး၊ ရေတိုင်က သုံးတိုင်၊ ရေတစ်တိုင်ကီကို ငါးရာကျပ်။ မီးဖိုးက တစ်ရက်တစ်အိမ် ၄၀၀ တော့ အသာလေး။ ကျူးကျော်များနှင့် စီးပွားရှာတတ်သူများလည်း အဆင်ပြေကြသားပင်။

"ကျွန်မတို့က ဧရာဝတီတိုင်း ဖျာပုံဘက် ရွာကပြောင်းလာကြတာလေ။ ရွာမှာစပါးအပြင် တခြားဘာစိုက်လို့မှ အဆင်မပြေဘူး။ ဒီရောက်တော့ အိမ်တစ်နေရာအတွက် တစ်သိန်းနှစ်သောင်းကို ရပ်ကွက်လူကြီးကို သွင်းလိုက်တယ်။ ပိုက်ဆံသုံးသိန်းနဲ့ အိမ်တစ်လုံးဆောက်လိုက်တော့ အဆင်ပြေပါတယ်။ တချို့ဆို ငှားနေကြတာအစ်မရဲ့။ ဟိုဘက်မှာတွေ့လား၊ အဲဒီအိမ်တွေက အိမ်ငှားတွေ၊ ပိုက်ဆံရှိတဲ့လူတွေက နေရာဝယ်၊ အိမ်ဆောက်ပြီး ငှားစားထားတာလေ။ တစ်လ နှစ်သောင်းခွဲတဲ့"

ကျူးထဲမှာတောင် သူ့ခွင်နှင့်သူ ရှိနေတတ်သည်။ သို့သော် သူတို့ကျူးတွေအားလုံး ဧပြီလမှာ ပြောင်းရွှေ့ရတော့မည်ဟုလည်း ဆိုသည်။ အန်အယ်လ်ဒီ အစိုးရတက်လာပြီးနောက်မှာ ကျူးကျော်တဲတွေမှာနေသည့် အိမ်ထောင်စုတွေကို စာရင်းကောက်ပြီး စမတ်ကတ်တွေ ထုတ်ပေးသွားသည်ဟုဆိုသည်။ ငှားနေရသည့် အိမ်ထောင်စုတွေလည်း စမတ်ကတ်ရသည်။ သူတို့ စမတ်ကတ်တွေကို ကျွန်မကိုထုတ်ပြသည်။ ထိုစမတ်ကတ်ပြပြီး လက်ဗွေနှိပ်လျှင် သူတို့အိမ်ထောင်စုဝင်တွေ၏ ဓာတ်ပုံတွေ ပေါ်လာမည်ဟုဆိုသည်။ နေရာအစားပေးပြီးမှ ပြောင်းရွှေ့စေမည်ဆို၏။ သူတို့အနည်းငယ်စိတ်အေးပုံရလေသည်။

"နင် လုပ်စားစရာရှားလို့ ဒီအလုပ်ကိုမှ လုပ်ရသလားဟဲ့။ နင့်ကြောင့် ငါသေချင်တယ်ဟဲ့"

တစ်ဖက်တဲရှိ ရိုက်ကွင်းပေါ်မှ သရုပ်ဆောင်အမျိုးသမီးကြီး၏ အသံက ဒေါသတကြီးလွင့်လာသည်။ ကလေးအားလုံးက ထိုမြင်ကွင်းကို မမှိတ်မသုန်ငေးကြည့်နေကြသည်။

ပြည့်တန်ဆာမိန်းကလေးအဖြစ် သရုပ်ဆောင်နေသော ဖွေးဖွေး၏ အသံကတိုးရှိုက်ရှိုက်။ ဆင်းရဲမွဲတေမှု၏ သားကောင်ဖြစ်ခဲ့ရသော မိန်းမငယ်လေး၏ ဇာတ်ရုပ်ကို သရုပ်ဆောင်နေသည့် ဖွေးဖွေးကို ကျွန်မ ငေးကြည့်ရင်းက ကလေးများဆီသို့ အကြည့်ရောက်မိတော့ ဘာကြောင့်မှန်းမသိ ကြက်သီးစိမ့်ဖြာသွားရသည်။ ကျွန်မဘာကို စိုးရိမ်နေမိပါလိမ့်။

ဟိုအဝေးက မလှံ့တလှံ့ကျူးကျော်တဲငယ်လေးထဲမှာ ငါးနှစ်အရွယ်ကလေးက သုံးနှစ်အရွယ်ကလေးကို ထိန်းနေသည်။ လူကြီးတွေမရှိ။ သူတို့ရပ်ကွက်မှာ လူကြီးဦးရေထက် ကလေးဦးရေက ပိုများသည်။ အိမ်တစ်အိမ်တွင် ပျမ်းမျှကလေးသုံးယောက်လောက်တော့ ရှိမည်ထင်သည်။ မွေးဖွားနှုန်းမြင့်သည်ဟုဆိုသည်။ ကျွန်မတို့ပတ်ဝန်းကျင်မှာတော့ ကလေးတစ်ယောက်သာယူမည်ဟု ဆုံးဖြတ်ထားသူများ၊ ဖန်ပြွန်သန္ဓေနည်းဖြင့် ကလေးရရန် ငွေကုန်ကြေးကျခံ၍ နိုင်ငံခြားဆေးရုံများသို့ သွားရောက်ကြိုးပမ်းကြရသူများ။ ကျွန်မကိုယ်တိုင်၌ပင် ကလေးမရှိပါ။

ကျွန်မသည် ကျွန်မအနီးတွင်ရှိနေသည့် ကလေးတစ်ဦးချင်းစီ၏ မျက်နှာလေးတွေကို စူးစူးစိုက်စိုက်လိုက်ကြည့်နေခဲ့မိသည်။ အနာဂတ်အတွက် မျှော်လင့်စရာပန်းကလေးတွေပါလား။ လှပသော ရုပ်ရည်လေးများ၊ တောက်ပသောမျက်လုံးလေးများ၊ သွက်လက်ချက်ချာသော၊ သူစိမ်းတွေကို မကြောက်သော၊ ရဲရင့်ဖျတ်လတ်သူလေးများ။ သူတို့သည် ဆင်းရဲသော်လည်း ထူးပြီး ထုံထိုင်းမနေ။ ဉာဏ်ရည်နိမ့်သည်ဟုလည်း ထင်စရာမရှိ။ စုတ်ချာသော ကျူးကျော်တဲလေးများအကြားတွင် သွားလာဆော့ကစားရင်း၊ ရယ်မောရင်း အချိန်တန်ထမင်းစားကာ ညဆို တီဗွီကြည့်ရင်း သူတို့၏ ကလေးဘဝကို ပေါ့ပါးစွာ ဖြတ်သန်းနေခဲ့ကြသည်။ သူတို့လည်း လူသားကလေးငယ်တွေပဲလေ။ တခြားကလေးတွေလိုပဲ သူတို့မှာလည်း အနာဂတ်ရှိသည်။

သူတို့ ရုပ်ရှင်မင်းသားမင်းသမီးတွေကိုသိသည်။ စာရေးဆရာတွေကိုတော့ မသိပါ။ သူတို့ တီဗွီကြည့်ကြသည်။ သို့သော် စာမဖတ်ကြပါ။ အနီးအနားမှာ စာကြည့်တိုက်မရှိပါ။ ကျောင်းများတွင် စာကြည့်တိုက်ရှိသည်ဆိုသော်လည်း ဆရာမကိုကြောက်၍ စာအုပ်မငှားရဲဟုဆိုသည်။ ဘာကြောင့်ကြောက်သလဲဆိုတာ ကျွန်မစဉ်းစားမရပါ။ ကျောင်းစာကြည့်တိုက်တွေကို ကလေးတွေက ကောင်းကောင်းအသုံးမချနိုင်တာလား။ ဆရာဆရာမတွေက ကောင်းကောင်းအသုံးမချနိုင်တာလား။ အသုံးချဖို့အတွက် ဘာအခက်အခဲရှိသလဲ။ ကျွန်မ ဆက်တွေးနေခဲ့မိသည်။ သူတို့ရပ်ကွက်ထဲမှာ စာအုပ်အငှားဆိုင်လေးတစ်ဆိုင်ရှိသည် ဆိုသဖြင့် ဝမ်းသာရသေးသည်။

တဖြည်းဖြည်းနှင့်ပင် နေရောင်ခြည်သည် ဖျော့တော့လာကာ ညနေစောင်းချိန်သို့ ရောက်ရှိလာခဲ့သည်။ ရိုက်ကွင်းသည် ကျူးကျော်ရပ်ကွက်ထဲတွင် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေခဲ့သည်။ နောက်မှလိုက်ကြည့်နေသည့် ကလေးတွေ ပိုမိုများလာသည်ဟု ထင်ရသည်။

ကျွန်မသည် ဆည်းဆာရောင်အောက်တွင် အပြစ်ကင်းစင်စွာ လှနေကြသော ကလေးတစ်ယောက်ချင်းစီ၏ မျက်နှာလေးတွေကိုကြည့်ရင်း ဒီကလေးတွေထဲကရော နွံထဲမှာကြာပေါက်သလို တစ်နေ့မှာ ထွန်းပေါက်အောင်မြင်သူတွေ ပေါ်ပေါက်မလာနိုင်ဘူးလားဟု တွေးသည်။ မျှော်လင့်သည်။ ပြီးတော့ အငဲ၏ သီချင်းစာသားတစ်ပိုင်းတစ်စကို သတိရလာမိသည်။

"နွံအိုင်တွေအလယ်မှာ မနစ်မြုပ်နဲ့ ကလေးလေး ××× နွံအိုင်တွေကို ဖောက်ထွက်ခဲ့ ကလေးလေး"

ကျွန်မ မျှော်လင့်ခြင်းများစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်မိပါသည်။ ။

## တည်ဆောက်ရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဥတ္တရသီရိ မတ် ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ မိုးစွေကျေးရွာနှင့် သရက်တောကျေးရွာတို့မှ ဒေသခံပြည်သူများအား မတ် ၃ ရက်က နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြေယာအသုံးချမှုမူဝါဒများ၊ သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများအကြောင်းကို တွေ့ဆုံဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က နေပြည်တော်- တောင်ညို- တောင်တွင်းကြီး ကားလမ်းဘေးရှိ သစ်တောသုတေသနစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီ၏ ၂၀၁၆-၂၀၁၇ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ တံတားများ၊ ရေထိန်းနံရံများနှင့် ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်လျက်ရှိသည့် အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**

ညစ်ညမ်းမှုကင်းဝေးစေရေး
ဓာတုပိုးသတ်ဆေးသုံးစွဲမှု
တားဆီးပေး

# သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၂**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ ကြီးမှူး၍ ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ဝန်ထမ်းဟောင်းများအသင်းသင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း၊ ကွယ်လွန်သူအသင်းသားများအတွက် သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်း၊ ဝန်ထမ်းဟောင်းများ မိတ်ဆုံစားခြင်းတို့ကို ပြုလုပ်မည်ဖြစ်သဖြင့် သတင်းနှင့်စာနယ်ဇင်းမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းဟောင်းများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း/ကော်ပိုရေးရှင်းလက်အောက်ရှိ သတင်းစာတိုက်များနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းဟောင်းများ မိသားစုများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အမှုဆောင်သစ်အဖြစ် ပါဝင်ကူညီဆောင်ရွက်လိုသူ အသင်းသားများ၊ အသက်(၈၀)နှစ်နှင့်အထက် အသင်းသားကြီးများသည် အမှုဆောင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဦးအေးသန်း ဖုန်း ၀၉-၄၂၀၀၁၃၈၉၊ ၀၉-၇၉၅၂၇၃၅၅၇ တို့သို့ မတ် ၂၂ ရက်နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် ဖိတ်ကြားထားပြီး အသင်းသားဟောင်း များ နှစ်စဉ်ကြေးပါဝင်လှူဒါန်းနိုင်ရန်နှင့် အသင်းသားသစ်အဖြစ် ပါဝင်လျှောက်ထားလိုသူများအတွက်လည်း စီစဉ် ဆောင်ရွက်ထားကြောင်း သိရသည်။

**(ကြေးမုံ)**




# အင်တာနက်ဝန်ဆောင်မှုနှင့် ဒေတာစင်တာ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတို့မှ MPLS နည်းပညာသုံး ဝန်ဆောင်မှုပေးမည်

**ရန်ကုန် မတ် ၁၂**

အင်တာနက်ဝန်ဆောင်မှုပေးနေသည့် GTMH (Golden TMH Telecom Co.,Ltd) နှင့် ဒေတာစင်တာဝန်ဆောင်မှုပေးနေသည့် GMBX (Golden Myanmar Business Exchange Co.,Ltd) တို့ ပူးပေါင်း၍ MPLS (Multi Protocol able Switching) နည်းပညာသုံး၍ သုံးစွဲသူများအား ဝန်ဆောင်မှုပေးနိုင်ရန် အကျိုးတူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

GTMH ကုမ္ပဏီသည် မျိုးဆက်သစ် ပြည်တွင်းဒေတာကွန်ရက်ကိုတည်ဆောက်၍ IP (Internet Protocol)ပင်မကွန်ရက်မှတစ်ဆင့် SDN(Software Defined Network) နှင့် NFV (Network Facility Virtualization) နည်းစနစ်များကို မြန်မာပြည်တွင် ပထမဆုံးမိတ်ဆက်ပေးခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီအနေဖြင့် Tier 1 အဆင့် ပြည်တွင်းဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများအချင်းချင်းချိတ်ဆက်ရန် မြန်မာ ပထမဦးဆုံး အင်တာနက်အိတ်ချိန်း(IX)ကို တည်ဆောက်နေပြီး လက်ကားအဆင့် အင်တာနက်ဖြန့်ဖြူးသူများ(ISP)



ကိုချိတ်ဆက်၍ ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ယင်းကုမ္ပဏီအနေဖြင့် ပြည်ပဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ခွင့်ရှိသူ (IGW) Internet Gateway များနှင့် ချိတ်ဆက်ထားပြီး ပြည်တွင်းလုပ်ငန်းများကို တိုက်ရိုက်ဆက်သွယ်ပေးမည်ဖြစ်သည်။ ယင်းအပြင် ရန်ကုန်မြို့ အရှေ့ဒဂုံ စက်မှုဇုန်အတွင်း တည်ဆောက်ထားသော ဂြိုဟ်တုဆက်သွယ်ရေးစခန်း(VSAT)မှတစ်ဆင့် C Band နှင့် Ku Band နှင့် O3b ဂြိုဟ်တုကွန်ရက်ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ပြီး Ku Band ဂြိုဟ်တုဆက်သွယ်ဝန်ဆောင်ပေးနေသည်။

GTMH ကုမ္ပဏီနှင့် GMBX ကုမ္ပဏီတို့ ပူးပေါင်း၍ နာမည်ကျော် Open Stack Architecture ကို အသုံးပြု၍ Cloud ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် သင်္ကြန်အပြီးတွင် ရရှိနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ GMBX ကုမ္ပဏီသည် TIA 942 စံသတ်မှတ်ချက်အတိုင်း ဒေတာဝန်ဆောင်မှုများကို Iaas(Infrastructure) အဆင့်၊ Paas(Platform) အဆင့်၊ Saas (Service) အဆင့်ခွဲ၍ SI (System Integrator) များ၊ Telecom လိုင်စင်ရသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဝန်ဆောင်မှုပေးနိုင်ကြောင်း သိရသည်။ GTMH ကုမ္ပဏီသည် ဝါယာလက်စနစ်၊ ဖိုင်ဘာကေဘယ်လ်စနစ်နှင့် ဂြိုဟ်တု VSAT စနစ်တို့ကို လိုအပ်သလို ပူးပေါင်းတည်ဆောက်ပြီး ရန်ကုန်မြို့တွင်း အထင်ကရအဆောက်အအုံများဖြစ်သော ဆာကူရာတာဝါ၊ မြန်မာပလာဇာ၊ Vantage တာဝါကဲ့သို့ အဆောက်အအုံများနှင့် မန္တလေးကဲ့သို့သောမြို့ကြီးများတွင် ဝန်ဆောင်မှုများ ဆက်လက်ပေးသွားမည်ဟု သိရသည်။

**(၀၀၁)**

# အခြေခံမော်တာစက်ချုပ်သင်တန်းဆင်း

**ကျိုက်မရော မတ် ၁၂**

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် မတ် ၁၀ ရက်က ကျိုက်မရောမြို့နယ်ကျေးလက်ရုံးတွင် ဖွင့်လှစ်သော အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာတွင် ဖွင့်လှစ်နေသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းသို့ သွားရောက်၍ သင်တန်းသားများနှင့်တွေ့ဆုံပြီး သင်တန်းဖွင့်လှစ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# နွေစပါးစိုက်ခင်းများ ဆစ်ပိုးများကျရောက်၍ ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာရေသောက်ဖြင့် စိုက်ပျိုးလျက်ရှိသော နွေစပါးစိုက်ခင်းများ တစ်လကျော်သက်တမ်းရှိလာသည့်အချိန်၌ ဆစ်ပိုးများကျရောက်လျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိမိတို့လယ်တွင် ရောဂါပိုးမွှားများကျရောက်ပါက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းကာ ဆောင်ရွက်ခြင်းဖြင့် ပိုးမွှားနှိမ်နင်းရေးတွင် ထိရောက်မှုရှိသည့်အပြင် အကုန်အကျလည်း သက်သာနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

"တောင်သူတွေအနေနဲ့ စပါးခင်းတွေ ပိုးကျရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆောင်ရွက်ရင် အနာတခြား ဆေးတခြားဖြစ်ပြီး ကုန်ကျမှုတွေများတဲ့အပြင် ထိရောက်မှုလည်း အားနည်းတယ်။ အဲဒီတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကို ဆက်သွယ်အကြောင်းကြား စေချင်တယ်။ ကျွန်တော်တို့လည်း နေ့တိုင်းကွင်းဆင်းပေမယ့် နယ်မြေကျယ်တော့ ဧရိယာတစ်ခုလုံးကို မရောက်နိုင်သေးဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးစရိတ်ထက် နောက်ဆက်တွဲလုပ်ငန်းများဖြစ်သော မြေသြဇာအမျိုးမျိုး၊ အလုပ်သမားငှားရမ်းခ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ သွင်းအားစု ကုန်ကျစရိတ်များ မြင့်တက်လျက်ရှိသည့်အတွက် လက်ရှိဝယ်ယူသုံးစွဲလျက်ရှိသည့် မြေသြဇာဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချပေးနိုင်ရန် တောင်သူအားလုံးက မျှော်လင့်လျက်ရှိနေသည်။

**ကိုလွင်(ဆွာ)**

# ကလေးပြုစုရေးဌာန၌ မီးဘေးအန္တရာယ်ပညာပေးပြသ

**မကွေး မတ် ၁၂**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်းလက်တွေ့သင်ကြားပြသခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက ကလေးပြုစုရေးဌာန၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မီးဘေးကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ မီးငြိမ်းသတ်နည်း သိရှိထားသင့်သည်များကို ပညာပေးဟောပြောခဲ့ပြီး ဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးများဖြင့် အရေးပေါ် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သထုံ မတ် ၁၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးသည် Asia Scenery ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် သထုံမြို့နယ် ဂေါ့-ဝင်းစိန် ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**(ကြေးမုံ)**

# မဒေါက်မြို့၌ အာရောဂျဒါနဆေးရုံတည်ဆောက်၊ အလှူငွေများ ပါဝင်လှူဒါန်းနိုင်

**ညောင်လေးပင် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သုမနာဘိဝံသ ပန်းငွေရုံတောရဆရာတော်ကြီး ဦးဆောင်မတည်လှူဒါန်း၍ တပည့်ဒါယကာ ဒါယိကာမများ လှူဒါန်းငွေဖြင့်စုပေါင်းကာ ဆောက်လုပ်လျက်ရှိသော အာရောဂျဒါနဆေးရုံမှာ မတ် ၁၂ ရက်က ဖောင်ဒေးရှင်းချပြီးဖြစ်၍ တိုင်များစတင်ထူနေပြီဖြစ်ကာ အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

မဒေါက်မြို့ တိုက်နယ်ဆေးရုံဝင်းအတွင်း ယခင်က (၆၂ × ၃၀) ပေ ကျေးလက် ကျန်းမာရေးဌာနအဆောက်အအုံတစ်ခုကို နိုင်ငံတော်မှဆောက်လုပ်ပေးခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်တွင် တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ပေးခဲ့ရာ အလှူရှင်များက လှူဒါန်းသော (၆၀ × ၃၀)ပေ အမျိုးသားဆောင်တစ်ခုနှင့် (၃၆×၂၇) ပေ အမျိုးသမီးဆောင်တစ်ခုရှိခဲ့သည်။ ယခု ဆေးရုံသစ်တည်ဆောက်ပြီးစီးပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ ဆေးကုသမှုခံယူရာတွင် နေရာကျယ်ကျယ်ဝန်းဝန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကာ ခွဲစိတ်ပြီးလူနာများ နားနေခန်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှော၊ တီဘီလူနာများအတွက် သီးသန့်ခန်း၊ မွေးပြီးလူနာများအတွက် သီးသန့်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း မဒေါက်ဆေးရုံ တိုက်နယ်ဆရာဝန် ဒေါက်တာခင်မာလွင်ထံမှ သိရသည်။

အဆိုပါဆေးရုံအဆောက်အအုံသစ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနခွင့်ပြုချက်ရယူပြီး ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၃၀၀၀ ကျော်ဖြင့် အလျား ၁၄၁ ပေ၊ အနံ ၁၂၃ ပေ ၆ လက်မ၊ အမြင့် ၁၄ ပေရှိ R.C.C တစ်ထပ် ဆောက်လုပ်မည်ဖြစ်ပြီး ဇင်ချောင်းကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။

အလှူငွေများပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဥူးအစ္စဝ ၀၉-၇၉၄၁၃၈၁၁၄၊ ဦးလှကြည် ၀၉-၇၉၁၁၃၁၃၃၀၊ ဦးမျိုးကျော် ၀၉-၇၈၅၃၀၀၅၇၄၊ ဦးမင်းအောင် ၀၉-၅၁၅၁၁၂၄၊ ဦးခင်ဝင်း ၀၉-၅၀၁၉၅၄၀၊ ဦးမောင်ဌေး ၀၉-၂၅၃၇၉၈၈၇၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

○စာမျက်နှာ ၅မှ
အဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့်စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် သံဃာတော်အရှင်မြတ် ၁၆၅ ပါး၊ သီလရှင်ဆရာကြီး ကိုးပါး၊ လူပုဂ္ဂိုလ်အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

✱ **ရှေ့ဖုံးမှ**
ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အနုပညာထူးချွန်ဆု၊ အတတ်ပညာ ထူးချွန်ဆုတို့အပြင် ထူးခြားကောင်းမွန်သည့် အနုပညာရှင်၊ အတတ်ပညာရှင်ကို အထူးဆုချီးမြှင့်နိုင်ရာ ယင်းဆုအပေါ် မျှော်လင့်ချက်ရှိနိုင်ကြောင်း သိရသည်။

"အထူးဆုဆိုတာ အရင်က ကလေးသရုပ်ဆောင်တွေကိုပဲ ချီးမြှင့်ခဲ့ဖူးတာရှိခဲ့တယ်။ အခုတော့ ကလေးတွေတင်မဟုတ်ဘဲ အထူးဆုဆိုတဲ့အမည်နဲ့အညီ ထူးခြားကောင်းမွန်တဲ့ ပညာရှင်တွေကို ချီးမြှင့်နိုင်တာမို့ မျှော်လင့်ချက်ရှိလာပါတယ်။ ထူးခြားတဲ့ဟာဆိုရင် အထူးဆုကို ပေးအပ်ချီးမြှင့်သွားမှာပါ"ဟု ဦးအေးကြူလေးက ပြောသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ပေးအပ်မည့် ဆု ၁၁ ဆု အနေဖြင့် ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီး ဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆု၊ ရုပ်ရှင်တည်းဖြတ်ဆုတို့ဖြစ်ပြီး ထူးခြားကောင်းမွန်သည့် ပညာရှင်များကို အထူးဆုချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၂ နှင့် ၁၉၅၃ ခုနှစ်တို့တွင် ရုပ်ရှင်ထူးချွန်ဆု သုံးမျိုးကိုသာ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ရုပ်ရှင် ဒါရိုက်တာ ထူးချွန်ဆုကို ၁၉၅၄ ခုနှစ်တွင် တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ဇာတ်ကားထူးချွန်ဆုကို ပထမ၊ ဒုတိယ၊ တတိယဆုဟူ၍ မခွဲခြားတော့ဘဲ အကောင်းဆုံးဇာတ်ကားဆု တစ်ဆုကိုသာ ရွေးကိန္နရီရုပ် ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုးတံဆိပ်မှ တစ်ပြေးညီ ရွှေကိန္နရီ ရွှေစင်ရုပ်သို့ စတင်ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆုကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆုဟူ၍ ထပ်မံခွဲခြားကာ ဆုအရေအတွက်ကို တိုးမြှင့်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ တေးဂီတဆုနှင့် အသံထူးချွန်ဆုတို့ကို ထပ်မံတိုးမြှင့်ခဲ့ရာ စုစုပေါင်း ၁၀ မျိုးအထိ ချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ရုပ်ရှင်တည်းဖြတ်ဆု ထပ်မံတိုးမြှင့်ခဲ့ရာ ထူးချွန်ဆု ၁၁ ဆုအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။

ယင်းအပြင် အထူးဆုအနေဖြင့် ချီးမြှင့်ခဲ့ရာတွင် ကလေးသရုပ်ဆောင် ငါးဦးမှ အထူးဆု ဆွတ်ခူးရရှိခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ဝင်းမာ၊ ၁၉၇၇ ခုနှစ်တွင် အောင်ထွန်းလေး၊ ၁၉၇၈ ခုနှစ်တွင် အင်္ဂလန်စိန်၊ ၁၉၉၉ ခုနှစ်တွင် အိဖြူစိုး၊ ၂၀၁၂ ခုနှစ်တွင် ယွန်းယွန်းတို့က ရရှိခဲ့သည်။ ယခုနောက်ပိုင်းတွင် အထူးဆုကို ကလေးသရုပ်ဆောင်များကိုသာမက ထူးချွန်သူတိုင်းကို ချီးမြှင့်မည်ဖြစ်ရာ အနုပညာရှင်၊ အတတ်ပညာရှင်တိုင်း မျှော်လင့်ရင်ခုန်ရမည့် ဆုတစ်ဆု ဖြစ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

**(ဆုနှင်းလဲ့)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# ရန်ကုန်မြို့တော်လှပစေရေးအတွက် ပထမဆုံးရှေ့ပြေးစီမံချက်အဖြစ် စတင်ခဲ့သည့်

# ရန်ကုန်မြို့ (၂၇)လမ်း နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်တွင် မြို့နေပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ရန်လိုအပ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ရဲခေါင်ညွှန့်၊ ဇော်ကြီး(ပဏီတ)

ရန်ကုန်မြို့တော်ရှိ အိမ်နောက်ဖေးလမ်းကြားများ သာယာလှပစေရန်၊ ကလေးငယ်များဆော့ကစားနိုင်စေရန်နှင့် နံရံဆေးရေးပန်းချီများရေးဆွဲနိုင်စေရန်၊ အပန်းဖြေနိုင်စေရန်၊ အိမ်နောက်ဖေးတွင် စားပင်သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဒို့အိမ်အဖွဲ့က ဦးဆောင်ကာ နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက် နံရံဆေးရေးပန်းချီပွဲကို ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ပထမဆုံးအကြိမ်အဖြစ် နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်နံရံဆေးရေးပန်းချီပွဲကို မတ် ၁၁ မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၃) ရပ်ကွက် (၂၇)လမ်း နောက်ဖေးလမ်းကြားတွင် လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သည်။

နောက်ဖေးလမ်းကြားတွင် ကလေးငယ်များပန်းချီရေးဆွဲရာ၌ နံရံဆေးရေးပန်းချီရေးဆွဲနည်းကို Olga Children's Art အဖွဲ့ တည်ထောင်ထားသူ ဒေါ်စိုးပပမြင့်က သင်ကြားပေးခဲ့သည်။

ဒေါ်စိုးပပမြင့်က "လက်ရှိက အင်ဒိုနီးရှားအင်တာနေရှင်နယ် စကူးလ်မှာပန်းချီဆရာမအနေနဲ့ လုပ်နေပြီး အပြင်မှာတော့ ကလေးပန်းချီနဲ့ပတ်သက်ပြီး ကလေးတွေကို သင်ကြားပေးတဲ့ Olga Children's Art ဆိုပြီးအဖွဲ့အစည်းလေးတစ်ခုလုပ်ထားပါတယ်။ နောက်ဖေးလမ်းကြားကို သန့်ရှင်းပြီးတော့ ကလေးတွေနဲ့ ဒီလိုပုံလေးတွေဆွဲလိုက်တဲ့အခါ ကလေးတွေအတွက် ကစားဖို့ နေရာသီးသန့်လေးရသွားမယ်။ လူတွေအားလုံးအတွက်လည်း ကျန်းမာရေးအရ ကောင်းသွားတယ်။ မြို့တော်လည်း သန့်ရှင်းသာယာလှပသွားတယ်။ ဒီအသိလေးကို ဒို့အိမ်က ပေးချင်တယ်။ ရပ်ကွက်ထဲက ကလေးတွေရေးဆွဲတဲ့အခါမှာလည်း ဘယ်နေရာမှာ ဘယ်လိုအရောင်လေးထည့် ဘယ်လိုလေးဆွဲဆိုတာမျိုးပေါ့။ ကျွန်မတို့က သင်ပြပေးတယ်။ ဒါဟာ အားလုံးပူးပေါင်းဆောင်ရွက်တဲ့ အရာလေးတစ်ခုဖြစ်တယ်။ ပြည်သူလူထုကိုလည်း သန့်သန့်ရှင်းရှင်းနေထိုင်တတ်အောင်အသိပေးတာပါ"ဟု ပြောသည်။

မြို့တော်သန့်ရှင်းလှပရေးအတွက် ယခုကဲ့သို့ အဖွဲ့အစည်းတစ်ခုအနေဖြင့် လုပ်ဆောင်ပေးနေချိန်တွင် အစိုးရတင်မကဘဲ မြို့နေပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပြီး ပါဝင်ပေးနိုင်ပါက နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်ကို ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။



ဒေါ်စိုးပပမြင့်က "မြို့နယ်တိုင်းလိုလိုက ညစ်ပတ်နေဆဲပဲ။ လုပ်ဆောင်ရမယ့်အရာတွေက များတယ်။ လမ်းတွေ၊ ရပ်ကွက်တွေကလည်း ကျွန်မတို့ မပိုင်ဘူး။ ကျွန်မတို့ ရှေ့ကနေလုပ်ပေမယ့် နောက်ကနေပြီးတော့ အမှိုက်တွေ ပစ်နေတုန်းဆို အဆင်မပြေဘူး။ အခုဆွဲနေရင်းတောင်မှ အမှိုက်တွေ ပစ်ချတယ်။ ရေတွေသွန်ချတယ်။ မနေ့ကဆို ကျွန်မတို့ဆွဲတယ်။ သန့်ရှင်းထားတယ်။ မနက်ရောက်လာတော့ ဒီမှာ အမှိုက်တွေပစ်ထားတာ ပြန်တွေ့ရပြန်တယ်။ အဲဒီလိုဆိုအဆင်မပြေတော့ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"ဟု မြို့တော်သန့်ရှင်းရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ပေးရန် လိုအပ်ကြောင်းကို အကြံပြုသည်။

ဒို့အိမ်အဖွဲ့၏ အိမ်နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်သည် ပန်းဘဲတန်း(၃)ရပ်ကွက်ရှိ (၂၇)လမ်း အောက်ဘလောက်တစ်ခုလုံး၏ နောက်ဖေးလမ်းကြားကို အလှဆင်ပြောင်းလဲပေးနိုင်ရန် ရည်ရွယ်ထားသော်လည်း လက်ရှိတွင် အမှိုက်များ ပြန်လည်ရှင်းလင်းရန် လိုအပ်နေသေးသည်။

ပန်းဘဲတန်းမြို့နယ် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်အောင်က "အခုလုပ်ပြပေးထားတာက နမူနာပဲ။ ဒီနေရာက အိမ်တစ်အိမ်လို ဖြစ်သွားမယ်။ လမ်းတစ်လမ်းကို ပေ ၈၀၀ ကျော်လောက်ရှိတယ်။ ကျွန်တော်အမှိုက်မပစ်ဖို့ အမြဲတမ်းလှုံ့ဆော်ပေးပါတယ်။ ဒါပေမဲ့ လိုက်နာမှုက အားနည်းနေသေးတယ်။ အထပ်မြင့်တိုက်တွေဖြစ်တယ်။ နောက် အိမ်အကူတွေကို အမှိုက်ပစ်တဲ့နေရာ မလွှတ်ချင်ကြဘူး။ ထွက်ပြေးမှာတို့၊ အိမ်ရှင်တွေရဲ့ ပစ္စည်းပျောက်မှာတို့၊ ရည်းစားထားမှာတို့ စိုးရိမ်တယ်။ အကြောင်းအမျိုးမျိုးပေါ့။ အိမ်ရှင်တွေအနေနဲ့ကလည်း အမှိုက်ထုပ်ဆွဲပြီး သတ်မှတ်တဲ့နေရာမှာ မပစ်ချင်ကြဘူး။ အဲဒီတော့ အိမ်နောက်ဖေးကိုပဲ ပစ်ချကြတယ်။ အဲဒီအခက်အခဲရှိတယ်။ စည်းကမ်းမဲ့ အမှိုက်ပစ်ရင် အရေးယူမယ်။ ဒဏ်ငွေဆောင်ရမယ်။ ကျွန်တော် အမြဲပြောတယ်။ ဒါပေမဲ့ ညဘက် တစ်နာရီ၊ နှစ်နာရီလောက်မှာပစ်တယ်။ ပစ်ရင်လည်း အမြင့်ကဆိုတော့ သူ့အိမ်ဘက်ကိုမချဘဲ အခြားနေရာကို လွှဲပစ်တယ်"ဟု ပြောသည်။

ရန်ကုန်မြို့တော်တွင် နောက်ဖေးလမ်းကြား၌ အမှိုက်ပစ်အကျင့်ဆိုး မပပျောက်သေးသည်နှင့် အဆိုပါစနစ် ပပျောက်စေရန်အတွက် နည်းလမ်းများ ဆက်လက်ရှာဖွေရန် လိုအပ်နေသေးသည်။

"ကျွန်တော်က ဒီနေရာလေးကိုအမြဲဖွင့်ထားပေးမှာပါ။ အမှိုက်ရှိရင် အမှိုက်က ပစ်ချင်တယ်။ အမှိုက်မရှိတော့ရင် အမှိုက်ပစ်ရမှာလက်တွန့်သွားမယ်။ လူတွေရဲ့ အပြုအမူကိုပြောင်းလဲပေးနိုင်ရင် တော်တော်လေးကောင်းသွားမယ်။ အခုလိုလေး လုပ်ပြထားတော့ ဟိုဘက်မှာ ဆေးသုတ်ပန်းချီဆွဲမယ်ဆိုလည်း အိမ်ရှင်တွေက ခွင့်ပြုမှာပါ။ ကျွန်တော်တို့ (၂၇)လမ်းအောက်ဘလောက်တစ်ခုလုံးဆောင်ရွက်မှာပါ" ဟု ဆက်လက်လုပ်ဆောင်မည့် အိမ်နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက် အစီအစဉ်နှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်အောင်က ဆိုသည်။

(၂၇)လမ်း နောက်ဖေးလမ်းကြား၌ နံရံပန်းချီရေးဆွဲရာတွင် ပါဝင်ခဲ့သူ ကျောင်းသူ မကြယ်စင်သစ်ကလည်း"အရင်တုန်းကဆိုရင် လမ်းမပေါ်မှာပဲ ကစားကြရတယ်။ နောက်ဖေးလမ်းကြားဆိုရင် ညစ်ပတ်နေလို့ သွားတောင် မသွားချင်ပါဘူး။ အခုဆိုရင် သူငယ်ချင်းတွေနဲ့အတူ နံရံတွေပေါ်မှာဆေးရောင်တွေနဲ့ ပန်းချီဆွဲရတာ ပျော်ဖို့ကောင်းတယ်။ ဒီလိုအစီအစဉ်တွေကို နေရာတိုင်းမှာ လုပ်လိုက်ရင် နောက်ဖေးလမ်းကြားမှာ အမှိုက်ပစ်တာမျိုးတွေ ပျောက်သွားနိုင်ပါတယ်။ ဒီလို အစီအစဉ်မျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း သမီးဂုဏ်ယူပါတယ်" ဟု ပြောသည်။

"ဒို့အိမ်"သည် ရန်ကုန်မြို့တော် သာယာလှပရေးနှင့် လှပရေးအတွက် ဦးတည်ကာ ကူညီပေးလျက်ရှိသည်။

"ဒို့အိမ်"သည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် ရန်ကုန်မြို့လယ်ကောင်ရှိ ဟောင်းနွမ်းနေပြီဖြစ်သော ရှေးဟောင်းအဆောက်အအုံများအား ထိန်းသိမ်းပေးမည့် အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

"ဒို့အိမ်"၏ ဒါရိုက်တာ Ms. Emilie Roell က "ကျွန်မတို့က ရန်ကုန်မြို့ကြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပေးတဲ့အဖွဲ့အစည်းပါ။ ရန်ကုန်မှာ ရှေးကျပြီး မပြုပြင်မထိန်းသိမ်းနိုင်တဲ့ ပြည်သူပိုင်အဆောက်အအုံတွေရှိမယ်။ အဲဒီလိုပိုင်ဆိုင်ပေမယ့် ပြုပြင်ထိန်းသိမ်းဖို့အတွက် ငွေကြေးမရှိဘူးဆိုရင် သူတို့အနေနဲ့ ဘယ်လိုထိန်းသိမ်းရမလဲ၊ ပြုပြင်မလဲဆိုတာအတွက် ကူညီပေးပါတယ်။ ဒါကြောင့် ပြုပြင်ထိန်းသိမ်းဖို့ ငွေကြေးမရှိတဲ့သူတွေရှိရင် ဆက်သွယ်ကြပါ"ဟု ဆိုသည်။

ယခုပြုလုပ်သည့် ဒို့အိမ်အဖွဲ့၏ အိမ်နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

"မနေ့ကဆိုရင် ရန်ကုန်စည်ပင်က လာကြည့်တယ်။ အဲဒီလိုလာကြည့်တဲ့အခါမှာ သူတို့အနေနဲ့လည်း ဒါကို စိတ်ဝင်စားတယ်။ သဘောကျတယ်။ ရှေ့ဆောင် ပူးပေါင်းဆောင်ရွက်ဖို့လည်း ပြောတယ်။ ဒါပေမဲ့ အာဏာပိုင်တွေဘက်မှာ ဘတ်ဂျက်မလုံလောက်တဲ့ကိစ္စတွေရှိတယ်။ ဒါကြောင့် ကျွန်မတို့ဘက်မှာရှိတဲ့ အဖွဲ့အစည်းတွေက ပူးပေါင်းလုပ်ဆောင်ပေးသွားဖို့ အစီအစဉ်တွေရှိပါတယ်" ဟု Ms. Emilie Roell က ပြောသည်။

ရန်ကုန်မြို့ (၂၇)လမ်းအိမ်နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်သည် ရန်ကုန်မြို့တော်လှပစေရေးအတွက် ပထမဆုံးရှေ့ပြေးစီမံချက်အဖြစ် စတင်လိုက်ခြင်းဖြစ်ပြီး မြို့နေပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိနေသေးသည်။ ။

## ပြည်တွင်းရေးရာ

# အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး သီရိမင်္ဂလာကုန်းတော်ရှိ ဇေယျာသီရိတပ်ဦးစေတီ ထီးတော်တင်ပွဲကျင်းပ



**မောင်တော မတ် ၁၂**
မောင်တောမြို့နယ် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး သီရိမင်္ဂလာကုန်းတော်၌ တည်ထားကိုးကွယ်သော ဇေယျာသီရိတပ်ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါအဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့သာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီးအမှူးပြုသော ဆရာတော်သံဃာတော်များ၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ရွှေထီးတော် အလှူရှင် ဦးထွန်းထွန်းဝင်းနှင့် ဒေါ်သန်းအိခိုင်မိသားစု၊ မောင်တောခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များထံမှ ကိုးပါးသီလ ဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြင့်သည့် မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ဆက်လက်ပြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ကျင်းပရာ ရဲမှူးချုပ် သူရစန်းလွင် ဦးဆောင်ပြီး အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် စေတီတော်၏အထွတ်ပေါ်သို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တင်လှူပူဇော်ခဲ့ကြသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် အသက်(၈၇)နှစ်ပြည့် အမှတ်တရအခမ်းအနား ရန်ကုန်မြို့၌ကျင်းပ




**ရန်ကုန် မတ် ၁၂**
ကွယ်လွန်ခဲ့ပြီဖြစ်သောသတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ မတ် ၁၂ ရက်တွင် ကျရောက်သည့် အသက်(၈၇)နှစ်ပြည့် အမှတ်တရ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေး(၅)လွှာရှိ Yangon Book Plaza ၌ ကျင်းပသည်။

"ဘယ်သူလဲဟဲ့ ဦးဝင်းတင်"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် အခမ်းအနားတွင် သတင်းစာဆရာ ဦးအောင်ဝင်းက ဗိုလ်တထောင်သတင်းစာတွင် နိုင်ငံရေးသုံးသပ်ချက် ဆောင်းပါးများ ရေးသားခဲ့ပြီး ဟံသာဝတီဦးဝင်းတင်နှင့်အတူ ဖြတ်သန်းခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပြောကြားသည်။

စာရေးဆရာမသီတာ(စမ်းချောင်း)၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီနှင့် Pen Myanmar ဥက္ကဋ္ဌ ဦးမျိုးမြင့်ညိမ်းတို့က နေရာခွဲ၍ ဆရာဦးဝင်းတင်နှင့်ပတ်သက်သည့် အမှတ်တရအကြောင်းအရာများကို လူငယ်များသိရှိနားလည်စေရန် ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသော လူငယ်များက သူတို့သိမြင်ခဲ့သည့် ဆရာ ဦးဝင်းတင်၏ ပုံရိပ်များကို ပြန်လည်သရုပ်ပြဖော်ဆောင်ကြသည့် အစီအစဉ်များကို တင်ဆက်ကြသည်။

ဟံသာဝတီ ဦးဝင်းတင်နှင့်ပတ်သက်၍ စာရေးဆရာမသီတာ (စမ်းချောင်း)က "ကျွန်မအတွက်တော့ ဆရာကအဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။ အခုအချိန်ထိလည်း ဆရာ့ကို လွမ်းမိတဲ့အခိုက်အတန့်တွေ အများကြီး ရှိနေပါသေးတယ်။ ဆရာ့ရဲ့ဘဝတစ်လျှောက်မှာ လူတွေသိပ်ပြီး သတိမထားမိတဲ့အပိုင်းနဲ့ လူတွေသတိထားမိခဲ့တဲ့ သူ့ရဲ့ နိုင်ငံပြုစိတ်ဓာတ်၊ အမြော်အမြင်နဲ့ လုပ်ခဲ့တဲ့ အလုပ်တွေအပြင် ဆရာဆုံးခါနီး ဘဝရဲ့နောက်ဆုံးအချိန် ဆေးရုံပေါ်မှာ သူ့ကိုယ်သူဘာမှမလုပ်နိုင်တော့တဲ့ အခြေအနေမှာတောင် သူက ဘယ်လိုမျိုးတုံ့ပြန်ရင်ဆိုင်သွားတယ်ဆိုတဲ့ အကြောင်းတွေကို လူငယ်တွေ သိရှိအောင် ပြောပြခဲ့ပါတယ်" ဟုပြောသည်။

အမှတ်တရအခမ်းအနားကို Pen Myanmar နှင့် Yangon Book Plaza တို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ပြီး ဟံသာဝတီဦးဝင်းတင်အား အမှတ်တရဖြစ်စေမည့် အမေရိကန်မှ ပန်းပုဆရာထုလုပ်ထားသည့် ဟံသာဝတီ ဦးဝင်းတင်ရုပ်တု၊ ဟံသာဝတီ ဦးဝင်းတင်၏ အဆိုအမိန့်များ၊ ဟံသာဝတီဦးဝင်းတင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြသထားပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းနှင့် ဆရာဦးဝင်းတင်ရေးသားခဲ့သည့် "ဘာလဲဟဲ့ လူ့ငရဲ" စာအုပ်ကိုတတိယအကြိမ်အဖြစ် ငါတို့စာပေက မိတ်ဆက်ဖြန့်ချိခဲ့သည်။

ယနေ့အခမ်းအနားသို့ စာရေးဆရာများ၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဆရာဦးဝင်းတင်ကို ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏ္ဍိတ)**

■

### ❍ ကျောဖုံးမှ

"တပေါင်းသာခေါင်၊ လများနောင်" ဟူသော ဆိုစကားနှင့်အညီ တပေါင်းလတွင် မြစ်ချောင်းများရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် သဲပုံစေတီပွဲကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ရွှေတိဂုံစေတီတော်၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်အရုဏ်တက်တွင် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ရေစက်ချအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးက ဗုဒ္ဓပူဇနိယမင်္ဂလာရေစက်ချအနုမောဒနာစာတမ်းဖတ်ကြား လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဂုဏေသနထံမှ ဥပုသ်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ရေစက်ချ အမျှပေးဝေကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရား၊ စေတီများတွင် ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**

### ❋ ရန်ကုန်မှ

မကျော်နိုင်ခဲ့ဘဲ ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှတစ်ဆင့် အီမီကာက ဒုတိယဂိုးကို သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၅ မိနစ်တွင် နိုင်ထူးက ဇွဲကပင်အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ဇွဲကပင်အသင်း ချေပဂိုးရပြီး နောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဇွဲကပင်အသင်းချေပဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ရန်ကျော်ထွေးနှင့် ဒီဂျမ်တို့ အပိုင်အခွင့်အရေးများရခဲ့သော်လည်း လွဲချော်ခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းအတွက် ဂိုးများကို သီဟဇော်နှင့် ဆီဗာစတန်တို့က သွင်းယူပေးခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းနှင့် နေပြည်တော်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၉)နောက်ဆုံးနေ့ကို မတ် ၁၄ ရက်တွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော် ဓာတ်ပုံ-ဖိုးသော်ဇင်**

# မံဝိန်းကြီးနယ်မြေအတွင်း တစ်ဖက်နိုင်ငံသားများအား တရားမဝင်သစ်ခိုးထုတ်ရာတွင် အသုံးပြုသော ယာဉ်၊ ယန္တရားမျိုးစုံနှင့်အတူ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၂**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံဝိန်းကြီးနယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် တစ်ဖက်နိုင်ငံသား ၁၁ ဦးနှင့် ယာဉ်၊ ယန္တရားမျိုးစုံ ၉၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် မံဝိန်းကြီးနယ်မြေအတွင်း မြန်မာ့အဖိုးတန်သယံဇာတသစ်များအား တရားမဝင်ခိုးထုတ်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် မတ် ၁၁ ရက် နံနက် ၁၀ နာရီခန့်က မံဝိန်းကြီးကျေးရွာအုပ်စု မံမော်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာ၌ တစ်ဖက်နိုင်ငံသားများဖြစ်ကြသည့် ကော်ဝေးယုတ်၊ ယူချိန့်နှင့် လီကျားရှင်တို့ သုံးဦးအား တရားမဝင်သစ်တင်ယာဉ် ယမ်းဖောင်အမျိုးအစား ၅၈ စီး၊ ၁၀ ဘီးယာဉ် လေးစီး၊ ကရိန်းယာဉ် တစ်စီး၊ မြေကော်စက် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၆၄ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများက ပတ်ဝန်းကျင်တစ်ဝိုက်အား ဆက်လက်ရှင်းလင်းခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တစ်ဖက်နိုင်ငံသားများဖြစ်ကြသည့် ကိန်ရှန်ဖုန့်၊ လုအပ်ပို၊ လုံဝမ်ကျိန်၊ လျှိုဟန်ချန့်၊ ထန်တယ်ယိ၊ ရှိုးကျန်၊ ပုယင်ဝေ့နှင့် ချန်ယုလုံတို့ ရှစ်ဦးအား ယမ်းဖောင်အမျိုးအစားယာဉ်အစီး ၂၀၊ ၁၀ ဘီးယာဉ် ၁၄ စီးနှင့် မြေကော်စက် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၃၅ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တစ်ဖက်နိုင်ငံသား ၁၁ ဦးနှင့် တရားမဝင်သစ်တင်ယာဉ် ၇၆ စီး၊ မြေကော်စက် နှစ်စီးနှင့် ကရိန်းယာဉ် တစ်စီး စုစုပေါင်း ယာဉ်၊ ယန္တရားမျိုးစုံ ၉၉ စီးတို့အား မံဝိန်းကြီးနယ်မြေ ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံ၍ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှစ်နှစ်ကြာ ပျောက်ဆုံးနေခဲ့သော အိန္ဒိယချန်ဒရာယန်း-၁ အာကာသယာဉ်ကို နာဆာ၏ ရေဒါများက ရှာဖွေတွေ့ရှိ



**နယူးယောက် မတ် ၁၂**
ပျောက်ဆုံးသွားပြီဟု ယူဆခဲ့ကြသော ချန်ဒရာယန်း-၁ အာကာသယာဉ်ကို အမေရိကန် အာကာသအေဂျင်စီ (နာဆာ)၏ မြေပြင်အခြေစိုက် ရေဒါများက ရှာဖွေတွေ့ရှိခဲ့ရကြောင်း နာဆာ၏ ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၁ အာကာသယာဉ်ကို ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့သည်။ အဆိုပါအာကာသယာဉ်သည် နိုဝင်ဘာ ၁၄ ရက်တွင် လပေါ်၌ ရေခဲအသွင်ရှိ ရေကို ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့သည့် အာကာသယာဉ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းနောက်တွင် အိန္ဒိယ အာကာသ သုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)၏ မြေပြင်စခန်းများနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

၂၀၀၉ ခုနှစ် ဩဂုတ် ၂၉ ရက်မှစ၍ ပျောက်ဆုံးသွားခဲ့သော ချန်ဒရာယန်း-၁ အာကာသယာဉ်သည် နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုကြောင့် လမျက်နှာပြင်ပေါ်သို့ ပျက်ကျခဲ့ဖွယ်ရှိသည်ဟု အိုင်အက်စ်အာရ်အို သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

အမေရိကန်နာဆာ၏ ဂျက်တွန်းကန်အား သုတေသနဌာနမှ သိပ္ပံပညာရှင်များက ဖော်ထုတ်ထားသော ရေဒါနည်းပညာသစ်ဖြင့် ပြန်လည်ရှာဖွေ တွေ့ရှိရခြင်းဖြစ်သည်။

နာဆာ၏ လစူးစမ်းလေ့လာရေး ဂြိုဟ်ပတ်ယာဉ်ကိုလည်းကောင်း၊ ချန်ဒရာယန်း-၁ အာကာသယာဉ်ကိုလည်းကောင်း နောက်ဆုံးပေါ် ရေဒါနည်းပညာဖြင့် ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း နာဆာက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ချန်ဒရာယန်း-၁ အာကာသယာဉ်သည် ယနေ့ထက်တိုင်အောင် လမြေမျက်နှာပြင်၏အထက် ကီလိုမီတာ ၂၀၀ အကွာတွင် လှည့်ပတ်နေဆဲဖြစ်သည်ဟု နာဆာ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုများအရ သိရသည်။

ပျောက်ဆုံးနေခဲ့သော အာကာသယာဉ်တစ်စင်းကို ရှစ်နှစ်အကြာတွင် ပြန်လည်တွေ့ရှိရခြင်းမှာ မဟာအောင်မြင်မှု တစ်ရပ်ဖြစ်ကြောင်း အိန္ဒိယ လစူးစမ်းရေး ထိပ်တန်းသိပ္ပံပညာရှင် ကရစ်ရှနားဆွာမိကက် စတူရီရန်ဂန်က ပြောကြားသည်။

ပျောက်ဆုံးနေသော အာကာသယာဉ်ကို ပြန်လည်ရှာဖွေတွေ့ရှိရခြင်းအတွက် အိန္ဒိယ သိပ္ပံပညာရှင်များမှာ အထူးဝမ်းမြောက်ကြရသည်။

ကားငယ်တစ်စီး၏ အရွယ်အစား ထက်ဝက်ခန့်သာရှိပြီး သေးငယ်လှသည့် အာကာသယာဉ်တစ်စင်းဖြစ်ခြင်းကြောင့် ချန်ဒရာယန်း-၁ အာကာသယာဉ်ကို ထောက်လှမ်းရန် ခက်ခဲလှကြောင်း၊ ယင်းအာကာသယာဉ်သည် အချက်ပြလှိုင်းများကိုလည်း ထုတ်လွှင့်ခြင်းမရှိတော့ကြောင်း နာဆာ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**ပီတီအိုင်။**



# တောင်ဆူဒန်မှ ဂျပန်တပ်ဖွဲ့ ရုပ်သိမ်းတော့မည်

**တိုကျို မတ် ၁၂**
တောင်ဆူဒန်နိုင်ငံ၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော ဂျပန်ကာကွယ်ရေးတပ်ဖွဲ့သည် မေလကုန်ဝန်းကျင်၌ မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တပ်ဖွဲ့ဝင်အင်အား ၃၅၀ ပါဝင်သော ဂျပန်ကာကွယ်ရေးတပ်ဖွဲ့သည် တောင်ဆူဒန်နိုင်ငံ ဂျူးဘားမြို့၌ အခြေစိုက်ကာ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများတွင် ငါးနှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပြန်လည်ရုပ်သိမ်းရန် စီစဉ်ထားသည်။

ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု အထူးလုပ်ငန်းတာဝန်အဖြစ် စစ်ဒဏ်ခံစားခဲ့ရသော တောင်ဆူဒန်နိုင်ငံ၌ အခြေခံ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများတွင် ဂျပန်တပ်ဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည်။

လက်ရှိ တာဝန်ထမ်းဆောင်နေသော ဂျပန်တပ်ဖွဲ့၏ အထူးလုပ်ငန်းတာဝန်မှာ မေလတွင် ကုန်ဆုံးပြီး နောက်ထပ် သက်တမ်းတိုးမည်မဟုတ်ကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် တောင်ဆူဒန်နိုင်ငံအတွက် စားနပ်ရိက္ခာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

**ပီတီအိုင်။**

# တူရကီဝန်ကြီးများ နိုင်ငံရေးတရားဟောမှုကို ပိတ်ပင်ရာမှ နယ်သာလန်နှင့် သံတမန်ရေးတင်းမာမှုများ ဖြစ်ပေါ်နေ

**အန်ကာရာ မတ် ၁၂**
တူရကီလူမျိုး ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံရေးမဲဆွယ်စည်းရုံးနိုင်ရေးအတွက် တူရကီအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကြိုးပမ်းရာမှ နယ်သာလန်နိုင်ငံနှင့် တင်းမာမှုများဖြစ်ပေါ်လာရာ မြို့တော် ရော်တာဒမ်၌ ပြုလုပ်မည့် လူထုစည်းဝေးပွဲတွင် မိန့်ခွန်းပြောရန် စီစဉ်ထားသော တူရကီဝန်ကြီးများကို နယ်သာလန်အစိုးရအဖွဲ့က ပိတ်ပင်တားမြစ်မှုများပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီသမ္မတ တေယစ်အာဒိုဂန်က နယ်သာလန်သမ္မတအား နာဇီအကြွင်းအကျန်တစ်ဦးဖြစ်သည်ဟု ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး နှစ်နိုင်ငံ သံတမန်ရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

နယ်သာလန်နိုင်ငံ၏ မြို့တော် ရော်တာဒမ်ရှိ တူရကီကောင်စစ်ဝန်ရုံးအတွင်းသို့ ဝင်ရောက်ခြင်း မပြုနိုင်စေရန် ရဲတပ်ဖွဲ့က တူရကီ မိသားစုရေးရာဝန်ကြီး ဖက်တမာဘီတူးလ်အား တားမြစ်ပိတ်ပင်ခဲ့ရာမှ နှစ်နိုင်ငံ အငြင်းပွားမှုဖြစ်ပေါ်လာရသည်။ တူရကီကောင်စစ်ဝန်ရုံး အပြင်ဘက်၌ စုဝေးရောက်ရှိနေကြသော ဆန္ဒပြသူများက တူရကီအလံတော်ကို ဝှေ့ယမ်းခဲ့ကြပြီး ဝန်ကြီး ဘီတူးလ်အား တွေ့ဆုံခွင့်ရရှိရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသူလူအုပ်ကြီးက ရဲတပ်ဖွဲ့ဝင်များကို ပုလင်းများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်ဟုဆိုပြီး ရဲတပ်ဖွဲ့က ခွေးများနှင့် မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့သည်။ ဆန္ဒပြသူအချို့ကို ရဲတပ်ဖွဲ့ဝင်များက လက်ကိုင်တုတ်ဖြင့် ရိုက်နှက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီး မီဗလုကာဗူဆိုဂလူ လိုက်ပါလာသော လေယာဉ်တစ်စင်းအား မြို့တော် ရော်တာဒမ်၌ ဆင်းသက်ခွင့်ကို နယ်သာလန်အစိုးရက တားမြစ်ပိတ်ပင်ခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့အပြီး တစ်ရက်မျှပင် မကြာမြင့်သေးချိန်တွင် တူရကီမိသားစုရေးရာဝန်ကြီးအား တူရကီကောင်စစ်ဝန်ရုံးသို့ ဝင်ရောက်ခြင်းကို ရဲတပ်ဖွဲ့က ပိတ်ပင်ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းကို ဂျာမနီနယ်စပ်ဒေသသို့ ရဲတပ်ဖွဲ့ အစောင့်အရှောက်ဖြင့် ပြန်ပို့ခဲ့သည်ဆို၏။

ဒီမိုကရေစီအမည်ခံပြီး ဖက်ဆစ်ဝါဒီကဲ့သို့ ပြုမူသည့်လုပ်ရပ်ဖြစ်ကြောင်း၊ အမျိုးသမီး ဝန်ကြီးတစ်ဦးအနေဖြင့် ယင်းလုပ်ရပ်ကို လက်ခံနိုင်မည်မဟုတ်ကြောင်း ဘီတူးလ်က ပြောကြားသည်။

တူရကီနိုင်ငံ၌ သမ္မတ၏ အခွင့်အာဏာရပ်များကို ပိုမိုတိုးမြှင့်ပေးရန် ရည်ရွယ်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်ပြုလုပ်ရန် လိုလားခြင်း ရှိ၊ မရှိ လူထုဆန္ဒခံယူပွဲတစ်ရပ်ကို ဧပြီ ၁၆ ရက်တွင် ကျင်းပရန်ရှိနေစဉ် တူရကီဝန်ကြီးများက နယ်သာလန်၌ ရှိနေသော တူရကီလူမျိုး ရွှေ့ပြောင်းခိုလှုံသူများထံမှ ထောက်ခံမဲရရှိရန် ကြိုးပမ်းရာမှ နှစ်နိုင်ငံ တင်းမာမှုများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

**ရိုက်တာ။**

# အာဖဂန်တပ်ဖွဲ့က ၂၄ နာရီအတွင်း စစ်သွေးကြွ ၃၁ ဦး သုတ်သင်ရှင်းလင်း

**ကဘူး မတ် ၁၂**
အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းပြုလုပ်သည့် စစ်ဆင်ရေးများတွင် စစ်သွေးကြွ ၃၁ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ပြည်ထဲရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာချက်အရ ဝါဒက်ခ်၊ နန်ဂါဟာ၊ ဒိုင်ကွန်ဒီနှင့် ဥရာဇဂန်ပြည်နယ်များတွင် ပြုလုပ်သည့် စစ်ဆင်ရေးများအတွင်း စစ်သွေးကြွနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၂ ဦးဖမ်းဆီးနိုင်ခဲ့သည်ဟု သိရသည်။ အဆိုပါထုတ်ပြန်ချက်၌ ကျဆုံးသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါ၊ မပါ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

သို့သော်လည်း ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံတွင်းရှိ စစ်သွေးကြွသောင်းကျန်းသူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ရေးအတွက် အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးစစ်ဆင်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အစွန်းရောက်တာလီဘန်စစ်သွေးကြွများနှင့် အိုင်အက်စ်စစ်သွေးကြွများသည် အစိုးရဆန့်ကျင်တိုက်ခိုက်ရေးလုပ်ရပ်များကို တိုးမြှင့်ပြုလုပ်လာလျက်ရှိသည်။

**ဆင်ဟွာ။**

# ဆီးရီးယားတွင် ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၄၀ ကျော် သေဆုံး

**ဒမတ်စကတ် မတ် ၁၂**
ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်တွင် ရှီးယိုက်မွတ်စလင် ဘုရားဖူးများကို ပစ်မှတ်ထားသည်ဟု ယူဆရသော ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် အနည်းဆုံး လူ ၄၀ ကျော် သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဒမတ်စကတ်မြို့လယ် တစ်နေရာတွင် စနေနေ့က ဘုရားဖူးခရီးသည်များ စီးနင်းလာသည့် ဘတ်စ်ကားများ ဖြတ်သန်းသွားလာနေချိန်တွင် လမ်းဘေးထောင်ဗုံးတစ်လုံးပေါက်ကွဲပြီး ယင်းနေရာအနီးမှာပင် လူတစ်ဦးက အသေခံဗုံးဖောက်ခွဲမှု ထပ်မံပြုလုပ်ခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ထိခိုက် သေဆုံးသူများတွင် အိမ်နီးချင်း အီရတ်နိုင်ငံမှ ဘုရားဖူးခရီးသည်များပါဝင်သည်ဟု ထုတ်ပြန်ကြေညာသည်။ အဆိုပါတိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ဝန်ခံခြင်း မရှိပေ။

ဗုံးပေါက်ကွဲသည့် နေရာတွင် ရှီးယိုက်မွတ်စလင်တို့၏ အထွတ်အမြတ်ထားရာ ဂူဗိမာန်များတည်ရှိသည်။ ဒမတ်စကတ်မြို့ဝန်းကျင်တွင် ရှီးယိုက်မွတ်စလင်တို့၏ အလေးအမြတ်ထားသည့် နေရာများကို အလားတူ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ရှိခဲ့ဖူးသည်။ လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း လူပေါင်း ၁၂၀ သေဆုံးခဲ့သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မိမိတို့၏ လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ထုတ်ဖော်ဝန်ခံခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ပါမောက္ခချုပ်ဆရာတော်ကြီး၏ သက်တော်(၇၇)နှစ်ပြည့် ဝိဇာတပူညမင်္ဂလာ ကျင်းပ

**မတ္တရာ မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသ သစ္စာနန္ဒ ဓမ္မစင်တာတွင် ၁၃၇၈ ခုနှစ် တပေါင်းလပြည့်နေ့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသမထေရ်အရှင်သူမြတ်၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့ဂုဏပူဇာပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆရာတော်ကြီး၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့ မင်္ဂလာအခါသမယဝယ် သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝစေကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေရန်အလို့ငှာ မွေးနေ့အမှတ်တရ ဂုဏပူဇာကုသိုလ် မင်္ဂလာပွဲများကို သုံးရက်တိုင်ကျင်းပခဲ့သည်။ တပေါင်းလဆန်း ၁၃ ရက် ပထမနေ့တွင် နံနက်ပိုင်းမှစတင်၍ စတုဒိသာများ ကျွေးမွေးညှော်ခံခြင်း၊ နံနက် ၉ နာရီမှစတင်၍ အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်းနှင့် ညနေ ၆ နာရီတွင် ပါမောက္ခချုပ်ဆရာတော်ကြီး၏ တရားသဘင်ဆင်ယင်ကျင်းပခဲ့သည်။ တပေါင်းလဆန်း ၁၄ ရက် ဒုတိယနေ့တွင် နံနက်ပိုင်းမှစတင်၍ စတုဒိသာများ ကျွေးမွေးခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ၊ မျက်စိရောဂါများစစ်ဆေးကုသပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ညနေပိုင်းတွင် ပါမောက္ခချုပ်ဆရာတော်ကြီး၏ တရားသဘင်ဆင်ယင်ကျင်းပခဲ့သည်။

တပေါင်းလပြည့်နေ့ မွေးနေ့ပွဲတွင် မတ္တရာမြို့နယ်မှ ၄၁၈ ပါး၊ စဉ့်ကူးမြို့နယ်မှ ၂၁၆ ပါးနှင့် သုဗောဓာရုံ ဝံသိက (သီးခြား) ၃၆၆ ပါး စုစုပေါင်း ပင့်သံဃာတော်အပါး ၁၀၀၀ တို့အား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဘုရားအနေကဇာတင်မင်္ဂလာကျင်းပခဲ့ပြီး ပင့်သံဃာ အပါး ၁၀၀၀ အား ပါမောက္ခချုပ်ဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းနှင့် အလှူရှင်များက သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူကြသည်။ ထို့နောက် ဓမ္မစင်တာဝင်းအတွင်း တည်ထား ကိုးကွယ်တော်မူမည့် မဟာဘဒ္ဒမုနိစေတီတော်မြတ်အား ပါမောက္ခချုပ် ဆရာတော်ကြီးက ကုသိုလ်ရှင်များ လှူဒါန်းအပ်သော ရတနာပစ္စည်းအမျိုးမျိုးနှင့် ဓာတ်တော်မွေတော်များ ထည့်သွင်းပူဇော်ရန် စေတီတော်ကြုတ် ဌာပနာထည့်သွင်း ပူဇော်ခဲ့ပြီး ကြွရောက်လာသော ပရိသတ်အပေါင်းက ရတနာရထားပုံဖြင့် ထီးတော်တင်လှူခဲ့သည်။



**စိုးကျော်သူထွေး(မတ္တရာ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက နိုင်ငံတစ်ဝန်းရှိ သီလရှင်ကျောင်း၊ ရိပ်သာနှင့် ပရဟိတဂေဟာများတွင် အာဟာရဒါနပြု

**ရန်ကုန် မတ် ၁၂**

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ Women's Week Myanmar ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာများတွင် မတ် ၁၁ ရက်က အာဟာရဒါနများ စတင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ရန်ကုန်မြို့၊ အောင်ပန်းမြို့၊ ဓနုဖြူမြို့၊ အိမ်မဲမြို့၊ ကော့သောင်းမြို့၊ ကျိုက်လတ်မြို့၊ ကြံခင်းမြို့၊ ကျောက်မဲမြို့၊ ကျိုင်းတုံမြို့၊ လားရှိုးမြို့၊ ဒီးမော့ဆိုမြို့၊ မတ္တရာမြို့၊ မအူပင်မြို့၊ မိတ္ထီလာမြို့၊ မကွေးမြို့၊ မိုးကုတ်မြို့၊ မိုးကောင်းမြို့၊ မူဆယ်မြို့၊ မြန်အောင်မြို့၊ မြင်းခြံမြို့၊ နမ့်စန်မြို့၊ နောင်ချိုမြို့၊ ပုသိမ်ကြီးမြို့၊ ပုသိမ်မြို့၊ တာချီလိတ်မြို့၊ တောင်ကြီးမြို့၊ သန်လျင်မြို့နှင့် သီပေါမြို့တို့မှ အကူအညီအမှန်တကယ်လိုအပ်နေသော ဘုန်းတော်ကြီးကျောင်းများ၊ သက်ကြီးဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများ၊ သီလရှင်ကျောင်းများ၊ မိဘမဲ့ကျောင်းများ၊ ဆေးရုံများ၊ လူငယ်ဖွံ့ဖြိုးရေးဂေဟာများရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ဘိုးဘွားများ၊ နာမကျန်းသူများနှင့် ကလေးငယ်များ ထံသို့ မြန်မာနိုင်ငံအနှံ့အပြားရှိ ကမ္ဘောဇဘဏ်ခွဲပေါင်း ၄၅၀ ကျော်ရှိ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း အဖွဲ့ဝင်များက ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ အာဟာရဒါနအလှူများ လှူဒါန်းခဲ့ကြောင်း သိရသည်။



**(၀၁၀)**

# သုံးခွမြို့နယ် ကျေးလက်လယ်ယာထွက်ကုန်စည် လျင်မြန်စွာပို့ဆောင်ရန် မြို့တွင်းလမ်းသုံးမိုင်ကျော်အား ထပ်ပိုးကတ္တရာခင်း

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်လယ်ယာထွက်ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေးအတွက် ပဲခူး၊ သနပ်ပင်၊ ခရမ်း၊ သန်လျင်၊ သုံးခွသို့ ဖြတ်သန်းသော ၃ မိုင် ၁ ဖာလုံ ပေ ၁၆၅၀၀ အရှည်နှင့် လမ်းအကျယ် ၁၈ ပေရှိ သုံးခွမြို့တွင်းသွားလမ်းမကြီးကို ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် (အထူးပြင်ဆင်ထိန်းသိမ်းရေး)အဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းနှင့် လမ်းပခုံးသားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၉၈ ရာခိုင်နှုန်းခန့်ပြီးစီးကာ မတ်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်နိုင်ရန်အတွက် အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းတိုးအောင်၏ ပြောကြားမှုအရ သိရသည်။

ဆက်လက်၍ သုံးခွမြို့တွင်းလမ်း ထပ်ပိုးကတ္တရာခင်းနိုင်စေရန် သုံးခွမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက လွှတ်တော်သို့တင်ပြပြီး ဘဏ္ဍာငွေတောင်းခဲ့သည့်အတွက် ပြည်ထောင်စုရန်ပုံငွေနှင့် ထပ်ပိုးကတ္တရာခင်းပေးနိုင်ခြင်းဖြစ်ကြောင်း၊ ပဲခူး၊ သနပ်ပင်၊ ခရမ်း၊ သုံးခွ သန်လျင်လမ်းများသည် ယခင်က ပုဂ္ဂလိက OMINIUS FOCUS ကုမ္ပဏီလီမိတက်မှ ပြုပြင်ထိန်းသိမ်းသော လမ်းများဖြစ်ကြောင်း၊ ယမန်နှစ်က လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးလာသည့်အတွက် ယခုကဲ့သို့ စနစ်တကျဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း ဦးသန်းတိုးအောင်က ထပ်မံရှင်းပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက "ဒီကနေ့ ခြောက်ပစ်ကင်းစင်းလုံးချော ထပ်ပိုးကတ္တရာခင်းထားတဲ့လမ်းကို မျက်ဝါးထင်ထင် ကောင်းမွန်စွာ မြင်တွေ့ရတော့ ဒေသခံတွေဟာ ဝမ်းမြောက်ဝမ်းသာရှိပြီး အိပ်မက်မက်သလို ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပရိစ္ဆေဒကြာအောင်ပျက်စီးပြီး လမ်းပေါက်ဖာထေးမှုတွေနဲ့သာ နိစ္စဓူဝဒေသခံတွေသွားလာနေရရာက အခုလိုကောင်းမွန်တဲ့လမ်းအဖြစ် တွေ့ရတဲ့အတွက် ဖြစ်ပါတယ်။ နောက်ပြီး ပြည်ထောင်စုရန်ပုံငွေကို ဘတ်ဂျက်ကုန်ခါနီးအချိန်မှာ မထင်မှတ်ဘဲရရှိတာရယ်၊ သတ်မှတ်ကာလအချိန်တိုအတွင်း လုပ်ငန်းကြန့်ကြာမှုမရှိအောင်၊ ဘဏ္ဍာငွေကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိအောင် စေတနာထားဆောင်ရွက်ပေးကြတဲ့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဌေးဌေးဦး၊ ဦးစီးအရာရှိ ဒေါ်ဆည်းဆာဦးနဲ့ တာဝန်ခံအင်ဂျင်နီယာတွေကို ဒေသခံများက ကျေးဇူးတင်လျက်ရှိပါတယ်။ လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် သုံးစွဲနိုင်ဖို့အတွက် လမ်းဘေးရေမြောင်းထားရှိရေးနဲ့ လိုအပ်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်တွေကို ဒေသခံတွေနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**(စောသိန်းဝင်း)**



# ပအိုဝ်းအမျိုးသားနေ့ပွဲတော် နှစ်ရက်ဆက်တိုက် စည်ကားစွာကျင်းပ

**ရန်ကုန် မတ် ၁၂**

ပအိုဝ်းတစ်မျိုးသားလုံး၏ ကိုယ်ပိုင်လက္ခဏာနှင့် စာပေယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ထုတ်နိုင်ရန်အတွက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ တောင်ကြီးပရိယတ္တိစာသင်တိုက်၌ မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နံနက်ပိုင်းမှ ညပိုင်းထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ပအိုဝ်းဓမ္မာရုံ၌ နှစ်စဉ်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ ငါးကြိမ်မြောက်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်၌ ကျင်းပနေသည့် (၆၈) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကိုပါ တစ်ပြိုင်တည်း ကျင်းပနိုင်ခြင်းအားဖြင့် ပအိုဝ်းတိုင်းရင်းသားအားလုံး ပြန်လည်စုစည်းမိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ယခုကဲ့သို့သော ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုပွဲကျင်းပရေးကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဌ ပွဲဖြစ်မြောက်ရေးကော်မတီမှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်နန်းညွန့်မေ (ခ)ဒေါ်နန်းဇွဲက "ဒီလိုပွဲတော်ကျင်းပခြင်းအားဖြင့် ကျွန်မတို့ပအိုဝ်းတိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံစရိုက်လက္ခဏာတွေကို ဖော်ထုတ်နိုင်ပြီး အနယ်နယ်အရပ်ရပ်က ကွဲကွာနေကြတဲ့ ပအိုဝ်းတိုင်းရင်းသားတွေလည်း ပြန်လည်စုစည်းနိုင်ခဲ့ကြပါတယ်။ ပြီးတော့ ပအိုဝ်းကျောင်းသား ကျောင်းသူတွေလည်း ဒီပွဲတော်ကို တက်ရောက်ကြခြင်းအားဖြင့် သူတို့ရဲ့ ပညာရေးကဏ္ဍကို ဘယ်လိုကြိုးစားမြှင့်တင်ရမလဲဆိုတာပါ စိတ်အားထက်သန်လာကြပါလိမ့်မယ်"ဟု ပြောသည်။

မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့က ကျင်းပခဲ့သော ပအိုဝ်းအမျိုးသားနေ့ပွဲတော်၌ ပအိုဝ်းရိုးရာယဉ်ကျေးမှု အသုံးအဆောင်များ၊ ပအိုဝ်းရိုးရာ အစားအစာဈေးရောင်းပွဲတော်နှင့် ပအိုဝ်းလူငယ်မောင်မယ်များက ရိုးရာယဉ်ကျေးမှုအဆို၊ အကပဒေသာများ၊ တေးဂီတများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အသက် (၇၅)နှစ်နှင့်အထက် ပအိုဝ်းအဘိုးအဘွား ၃၉ ဦးအား ကျန်းမာရေးစရိတ်ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီနှင့် ရိုးရာအစားအစာများဖြင့် တည်ခင်းညှော်ခံခဲ့ကာ စာအောင်သံဃာလေးပါးကိုလည်း ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ထူးချွန်ဆုရ ပအိုဝ်းကျောင်းသား ကျောင်းသူ ခုနစ်ဦးအား ပညာရေးအမှတ်တံဆိပ်ပါ ဒိုင်းဆုနှင့် ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သောင်းနှုန်းစီ ပေးအပ်ခဲ့ပြီး ပအိုဝ်းစာပေယဉ်ကျေးမှုဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



**သတင်း-စိုးဝင်း (MLA)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အမျိုးသမီး နှစ်ဦးကိုသတ်ပြီး ရွှေထည်ပစ္စည်းများယူဆောင်သွားသူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၂**

ခရမ်းမြို့နယ် မောင်းမကျေးရွာ၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်က အိပ်ပျော်နေသူ အမျိုးသမီး နှစ်ဦးအား နေအိမ်ပေါ်တက်ရောက်၍ သတ်ပြီး ပစ္စည်းများ ယူဆောင်သွားသူ သိန်းဇော်(ခ) ချစ်ရင်ထူးနှင့် ကျော်စိုးနိုင်(ခ)ကုလားတို့ နှစ်ဦးကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်းမကျေးရွာနေ မဖြူနှင်းဝေနှင့် မစန္ဒာဝင်းတို့သည် ဓားဒဏ်ရာများဖြင့် သေဆုံးနေပြီး မဖြူနှင်းဝေ ဝတ်ဆင်ထားသော ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေဆွဲသီး တစ်ခု၊ ရွှေလက်စွပ် တစ်ကွင်း၊ ရွှေလက်ကောက် တစ်ကွင်း၊ HUAWEI G 730 အမျိုးအစားဆင်းကတ်ပါ အဖြူရောင်လက်ကိုင်ဖုန်း တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ မှာ ပါဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူများကိုအရေးယူပေးရန် တိုင်တန်းချက်အရ ခရမ်းမြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဆောင်ရွက်ခဲ့သည်။



အမှုနှင့်ပတ်သက်၍ မသင်္ကာသူများနှင့် ပြစ်ချက်ဟောင်းရှိသူများကို စဉ်ဆက်မပြတ် သတင်းရယူစုံစမ်းဆောင်ရွက်ခဲ့ရာ မောင်းမကျေးရွာနေ ကျော်စိုးနိုင်(ခ)ကုလားသည် အခင်းဖြစ်စဉ်ညက ဆိုင်ကယ်တစ်စီးဖြင့် သွားလာမှုများရှိခဲ့ကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈) ရပ်ကွက်နေ သိန်းဇော်(ခ)ချစ်ရင်ထူးနှင့်အတူ ပန်းရန်အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး လွန်ခဲ့သော သုံးလကျော်ခန့်က ဆိုင်ကယ်တစ်စီးဖြင့် အတူတကွ သွားလာတတ်ကြောင်း၊ သိန်းဇော်(ခ) ချစ်ရင်ထူးမှာလည်း ယခင်က ထောင်ကျဖူးသူဖြစ်သည့်အပြင် လွန်ခဲ့သော သုံးလခန့်က ရွှေထည်များကို ရောင်းချခဲ့ကြောင်း စသည့် စုံစမ်းရရှိသော သတင်းများကို အခြေခံ၍ သိန်းဇော်(ခ)ချစ်ရင်ထူးအား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈) ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ မတ် ၁၀ ရက်တွင် လည်းကောင်း၊ ကျော်စိုးနိုင်(ခ)ကုလားအား မတ် ၁၁ ရက်တွင် ခရမ်းမြို့နယ် မောင်းမကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးချက်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက သိန်းဇော်(ခ)ချစ်ရင်ထူးသည် နေအိမ်၌ရှိနေစဉ် ကျော်စိုးနိုင်(ခ) ကုလား ရောက်ရှိလာပြီး ၎င်းသည် မောင်းမကျေးရွာ၌နေထိုင်စဉ် အခင်းဖြစ်နေအိမ်အား ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဖြေရှင်းခဲ့ရသည်ကို မကျေနပ်ကြောင်း၊ အဆိုပါနေအိမ်တွင် ငွေကျပ်သိန်း ၁၀၀ ခန့်ရှိပြီး သွားရောက်ခိုးယူပါက အဆင်ပြေနိုင်ကြောင်း ပြောဆိုတိုင်ပင်ခဲ့ကြကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက် ည ၁၁ နာရီခန့်တွင် ၎င်းတို့ နှစ်ဦးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ခရမ်းမြို့နယ် မောင်းမကျေးရွာရှိ အခင်းဖြစ်နေအိမ်သို့ ဆိုင်ကယ်ဖြင့်သွားရောက်ကာ ကျော်စိုးနိုင်(ခ)ကုလားက နေအိမ်အနီးရှိ တာပေါင်ပေါ်တွင် ဆိုင်ကယ်ဖြင့် စောင့်နေခဲ့ကြောင်း၊ သိန်းဇော်(ခ)ချစ်ရင်ထူးက နေအိမ်အနီးရှိသစ်ပင်မှတစ်ဆင့် ဝရန်တာသို့ ဝင်ရောက်ခဲ့ပြီး အိပ်ခန်းအတွင်းရှိ ဗီရိုများကိုဖွင့်၍ ပစ္စည်းများလိုက်ရှာစဉ် အိပ်ပျော်နေသော အမျိုးသမီးတစ်ဦး နိုးလာပြီး "ဘယ်သူလဲ"ဟု မေးသဖြင့် အသင့်ယူဆောင်လာသော ဓားဖြင့် ထိုးခဲ့ကြောင်း၊ ကျန်အမျိုးသမီးတစ်ဦးကလည်း နိုးလာသဖြင့် ၎င်းက ဓားဖြင့်ထပ်မံထိုးခဲ့ပြီး အမျိုးသမီးတစ်ဦးဝတ်ဆင်ထားသော ရွှေထည်လက်ဝတ်လက်စားများနှင့် လက်ကိုင်ဖုန်း တစ်လုံးကို ယူဆောင်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

ပေါ်ပေါက်ချက်များအရ အသုံးပြုခဲ့သည့်သက်သေခံဓား၊ ဆိုင်ကယ်နှင့် ပါဆုံးသွားသော ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့ နှစ်ဦးအား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# သီပေါမြို့နယ် ဘော်ကြိုနှင့်ကျင်သီကျေးရွာကြား မိုင်တိုင် (၁၂၃)တွင် ရီမုတ်မိုင်းတစ်လုံးတွေ့ရှိ

**သီပေါ မတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာနှင့် ကျင်သီကျေးရွာကြား မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၃) အေသုံးလုံးကွေ့ ကျင်သီချောင်းတံတားအနီး ကားလမ်းမကြီး၏ တောင်ဘက် ၁၅ ပေခန့်တွင် မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက လျှပ်စစ်ဝန်ထမ်းတစ်ဦးက ဓာတ်တိုင်ပေါ်တက်၍ လျှပ်စစ်မီးပြင်ရာမှ ဓာတ်တိုင်အနီး ချုံပုတ်အတွင်း၌ အမြင့် ခုနစ်လက်မ၊ ဖြက် လေးလက်မ၊ အလျား ၁၀ လက်မရှိ ဒေသန္တရမိုင်း (ရီမုတ်မိုင်း)တစ်လုံး တွေ့ရှိခဲ့သည်။

အဆိုပါ တွေ့ရှိရသည့် မိုင်းကို နယ်မြေခံတပ်ရင်းနှင့် မြို့နယ်တာဝန်ရှိသူများ သွားရောက်စစ်ဆေး၍ Water Bottle နည်းဖြင့် အသက်မဲ့အောင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၀၈ စီး၊ သွင်းကုန် ၉၆၈ စီး ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉ စီး၊ သွင်းကုန် ၂၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၉၆ သန်းခန့်)ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ခရီးသည်၊ ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆပ်ပြာမှုန့်အပါအဝင် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၅၇ သန်းခန့်)ကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# မောင်တောမြို့နယ် အောင်ဇံရဲကင်းမှလုယူခံရသည့် လက်နက် သုံးလက်အနက် ဘီအေ ၉၄ အမျိုးအစား လက်နက်နှစ်လက် ပြန်လည်တွေ့ရှိ


**နေပြည်တော် မတ် ၁၂**

မောင်တောမြို့နယ် အောင်ဇူနယ်မြေ အောင်ဇံရဲကင်း ရဲတပ်ဖွဲ့ဝင်များထံမှ ယမန်နေ့က လူ ငါးဦး လုယူသွားသော လက်နက် သုံးလက်အနက် ဘီအေ ၉၄ နှစ်လက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အောင်ဇူနယ်မြေ ခေတ္တနယ်မြေမှူးနှင့်အဖွဲ့၊ အောင်ဇံကျေးရွာပြည်သူ့စစ်အဖွဲ့တို့သည် ယမန်နေ့ညနေပိုင်းက သေနတ်လုယူ ထွက်ပြေးသွားသည့် လမ်းကြောင်းများအတိုင်း လိုက်လံရှင်းလင်းခဲ့ရာ နယ်စပ်မိုင်တိုင်(၄၂)အနီး ဝေလာတောင်ချောင်းဘေး၌ ဘီအေ- ၉၄(ကျည်အိမ်မပါ) နှစ်လက်ကို ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ရာ ပြစ်မှုကျူးလွန်သူ ငါးဦးအနက် နှစ်ဦးမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင်(၄၃)အနီး တစ်ဖက်နိုင်ငံဘက်ခြမ်းရှိ ကျေးရွာတွင် နေထိုင်သူများဖြစ်ပြီး ကျန်သုံးဦးမှာ မောင်တောမြို့ မြို့မဘုန်းကြီးကျောင်းတွင် နေထိုင်သူများဖြစ်ကြောင်းသိရသည်။

လက်နက်လုယူသွားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်သို့ အကြောင်းကြားကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**




# မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

မောင်တောမြို့နယ် နယ်မြေ (၃) တောင်ပြိုလက်ဝဲ (၂)ရပ်ကွက်တွင် နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၉ နာရီခွဲက မသင်္ကာသူ တစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။



နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက တောင်ပြိုလက်ဝဲ (၂)ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် လမ်းပေါ်၌ ဒါးကြီးစားကျေးရွာနေ မသင်္ကာသူ မာမတ်ဇူဘိုင် **(ယာပုံ)**အား တွေ့ရှိဖမ်းဆီးခဲ့ပြီးစစ်ဆေးရာ ၎င်းမှာ လွန်ခဲ့သည့်တစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်သွားရောက်၍ ကူတူပါလောင် ဒုက္ခသည်စခန်းရှိ အာရဗီကျောင်း၌(၅)တန်းတက်ရောက်နေကြောင်း၊ မိဘများရှိရာ ဒါးကြီးစားကျေးရွာသို့အလည်သွားရန် မြန်မာနိုင်ငံဘက်သို့ ရပ်ကွက်(၂)အနီးရှိ ရေပွှန်ပေါက်မှ ခိုးဝင်လာခဲ့ကြောင်း သိရသည်။

အဆိုပါ မသင်္ကာသူ မာမတ်ဇူဘိုင်အား တောင်ပြိုလက်ဝဲမြို့မရဲစခန်းက ဖမ်းဆီးထားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ အပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဆင်နယ်ပရိသတ်တွေအတွက် ဒါးသက်နေဦးမယ့် ဝင်းဂါးရဲ့ လေပြည်သွေးစကားသံတွေ






အာဆင်နယ်အသင်းက လင်ကွန်းအသင်းကို ငါးဂိုးပြတ်နဲ့အနိုင်ယူနိုင်ခဲ့ပြီးနောက် နည်းပြ ဝင်းဂါးက အာဆင်နယ်အသင်းယုံကြည်မှု အပြည့်နဲ့ ပြန်လာခဲ့ပြီလို့ဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဘိုင်ယန်ကို အိမ်ကွင်းမှာပဲ ငါးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်၊ ခြေပြတ်အရေးနိမ့်ခဲ့ပြီးနောက် ယခုလို နိုင်ပွဲပြန်တွေ့ခဲ့တဲ့အပေါ် ဝင်းဂါးကအထက်ပါအတိုင်း ဂုဏ်ယူစကားဆိုခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် လင်ကွန်းအသင်းဟာ လိဂ်အဆင့် အသင်းတစ်သင်းမဟုတ်ဘဲ ၁၀၃ နှစ်အတွင်း အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ကို ပထမဆုံးတက်ရောက်နိုင်တဲ့ လိဂ်မဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ လင်ကွန်းအသင်းဟာ ဘယ်ပရီမီယာလိဂ်အသင်းထက်မဆို (၈၈)ဆင့်လောက် နိမ့်နေတဲ့အသင်းဖြစ်ပေမယ့် နသန်အာနိုးရဲ့ ထိုးဖောက်မှုကို ပီတာဆက်ချ်ကာကွယ်နိုင်လို့သာ အာဆင်နယ်ဦးဆောင်ဂိုးခွင့်ပြုရမယ့် အခြေအနေကို ရှောင်လွှဲနိုင်ခဲ့တာပါ။ ပထမပိုင်းတစ်ပိုင်းလုံး အာဆင်နယ်အသင်းကစားပုံ အတော်လေးကျဆင်းနေပြီး ပထမပိုင်းပြီးခါနီး ဝဲလ်ကော့ဂိုးစတင်သွင်းယူနိုင်ပြီး နောက်ပိုင်းမှသာ ယုံကြည်မှုရှိလာတဲ့ပုံစံနဲ့ ဂိုးတွေရလာတာဖြစ်ပါတယ်။

အာဆင်နယ်ဟာ ဒီပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့တဲ့ နောက်ဆုံးခုနစ်ပွဲမှာ ငါးပွဲအထိအရေးနိမ့်ခဲ့ပြီး ဒီလို ရှုံးနိမ့်မှုတွေထဲမှာ ဘိုင်ယန်ကို နှစ်ကျော့လုံး ငါးဂိုး-တစ်ဂိုး၊ လီဗာပူးကို သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်တွေနဲ့ ရှုံးနိမ့်မှုတွေတောင်ပါဝင်ပါတယ်။ ဒီလိုရလဒ်ဆိုးတွေကြောင့် ဝင်းဂါးနဲ့အာဆင်နယ်အသင်းတို့ ရေရှည်လက်တွဲမြဲဖို့မလွယ်ပေမယ့် နှုတ်အားဖြင့် သဘောတူထားတဲ့ နှစ်နှစ်သက်တမ်းတိုးရေးစာချုပ်ကတော့ အသက်ဝင်လာဖို့ရှိနေပါတယ်။ ဝင်းဂါးနဲ့အာဆင်နယ်တို့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်ဟာ ယခုနှစ်ရာသီကုန်မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေကတော့ ဒီအောင်ပွဲအပေါ် ကျေနပ်ကြခြင်းမရှိဘဲ "ချန်ပီယံလိဂ်ဝင်ခွင့်ရခြင်းက ချန်ပီယံဆုဖလားရရှိတာမဟုတ်ဘူး" "ရက်ဆစ်( ဝင်းဂါးထွက်ရေး)" ဆိုတဲ့ ဆိုင်းဘုတ်တွေကိုကိုင်ဆောင်ကာ ဝင်းဂါးထွက်ခွာရေး ဆန္ဒပြမှုတွေကို အရှိန်မြှင့်ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။

ဒါပေမယ့် ဘီတီအားကစားအစီအစဉ်ပင်တိုင်တင်ဆက်သူလည်းဖြစ်၊ အာဆင်နယ်ဂန္တဝင်ကစားသမားလည်းဖြစ်သူ အီယန်ရိုက်ကတော့"အာဆင်နယ်အသင်းအနေနဲ့ ချန်ပီယံလိဂ်က ဘယ်လိုရလဒ်မျိုးနဲ့ ထွက်ခွာရသည်ဖြစ်စေ ဝင်းဂါးကတော့ စာချုပ်သက်တမ်းတိုးရေး အားထုတ်ပါလိမ့်မယ်။ ဒီလိုသာဆိုရင် ဘာအပြောင်းအလဲမှလည်း မြင်တွေ့ရဖို့မရှိပါဘူး" လို့ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။

နည်းပြဝင်းဂါးဟာ အာဆင်နယ်အသင်းအတွက် နှစ်ပေါင်း ၂၀ကျော်ပေးဆပ်ခဲ့သူဖြစ်ပြီး အာဆင်နယ်ရဲ့ရွှေရောင်မျိုးဆက်ကို ထူထောင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ခုနောက်ပိုင်းနှစ်တွေမှာ ဘောလုံးလောကပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာပြီး မော်ရင်ဟိုလို မတူညီတဲ့ လိဂ်အမျိုးမျိုးမှာ အောင်ပွဲခံခဲ့တဲ့သူတောင် လက်ရှိအခြေအနေမှာ ယိမ်းယိုင်နေပြီး ချယ်လ်ဆီးက ထုတ်ပယ်ခံခဲ့ရသလို လက်ရှိမန်ယူမှာလည်း ရလဒ်မကောင်းတဲ့ အခြေအနေရောက်နေတာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကို ပရိသတ်တွေသဘောပေါက်ကြပေမယ့် ၁၆ သင်းရှုံးထွက်အဆင့်ကနေခုနစ်နှစ်ဆက်တိုက်ထွက်ခွာနေရတာ၊ ပရီမီယာလိဂ်ဖလား မရရှိတာ ၁၀ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်တာ စတဲ့အခြေအနေတွေအတွက် သည်းခံနိုင်မှု နည်းလာတဲ့ အနေအထားဖြစ်လာတာဖြစ်ပါတယ်။ အာဆင်နယ်ဟာ နွေဈေးကွက်မှာ လိုချင်တဲ့ ကစားသမားတွေဝယ်လို့မရတာ၊ ရှိတဲ့ကစားသမားအင်အားနဲ့ ချည့်တိချည့်နဲ့ ယှဉ်ပြိုင်နေရတာတွေကြောင့် ပရိသတ်တွေက ဝင်းဂါးနဲ့ အာဆင်နယ်ရဲ့အပြောင်းအရွှေ့မူဝါဒကိုလည်း စိတ်ကုန်နေတာ ကြာမြင့်နေပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်း ခေါင်းဆောင်ဟောင်း ဗီယာရာကတော့ "အာဆင်နယ်ကစားသမားတွေ ပေးဆပ်လိုစိတ်နည်းပါးလို့ အခုလို ဆိုးကျိုးတွေ ဖြစ်နေတာလို့ ဝင်းဂါးဘက်ကနေကာကွယ်ပြောကြားလိုက်ပါတယ်။ သူကပဲ "မနှစ်က လက်စတာနဲ့ ချယ်လ်ဆီးအသင်းကြားအခြေအနေကို ကြည့်ရင်ပဲ အသင်းတစ်သင်းမှာ အလိုအပ်ဆုံးက ကစားသမားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ သန်စွမ်းရေးဆိုတာကို တွေ့ရပါလိမ့်မယ်။ ဒီလူစာရင်းကပဲ ကွင်းထဲမှာကန်ပြီး ရလဒ်ကောင်း၊ ရလဒ်ဆိုး ဖန်တီးနိုင်တာပါ" လို့ သူ့အမြင်ကိုပြောပါတယ်။

အာဆင်နယ်ဟာ လက်ရှိမှာ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ရောက်နိုင်တာကလွဲလို့ ပရီမီယာလိဂ်မှာ ရှုံးပွဲဆက်နေတာ၊ အသင်းကြီးတွေနဲ့ ရင်ဆိုင်တိုင်း ရလဒ်မကောင်းတာ၊အဝေးကွင်းရလဒ်တွေဆိုးရွားနေဆဲဖြစ်တာတွေကို မပြင်နိုင်သေးတာကြောင့် ပရိသတ်တွေဟာ ဝင်းဂါးထွက်ခွာရေးကွင်းထဲက ဆန္ဒပြတောင်းဆိုတဲ့ အနေအထားကနေ လမ်းမပေါ်ကနေ ချီတက်ဆန္ဒပြတဲ့အထိဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဝင်းဂါးပြောတဲ့ အာဆင်နယ်အသင်းယုံကြည်မှုအပြည့်နဲ့ ပြန်လာပြီဆိုတဲ့စကားဟာ အာဆင်နယ် အမာခံပရိသတ်တွေအတွက်တော့ မချိုဘဲခါးသက်နေဦးမှာ အမှန်ပဲဖြစ်ပါတယ်။

# ရာသီကုန်တွင်အနားယူမည်ဟု ဆာဘီအလွန်ဆိုကြေညာ

အသက်(၃၅)နှစ်အရွယ် ဇာဘီအလွန်က ရာသီကုန်တွင် ကစားသမားဘဝမှ အနားယူတော့မည်ဟု ကြေညာခဲ့ရာ ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်းနှင့်အတူ နောက်ထပ်အနားယူမည့် ဘိုင်ယန်ကစားသမားတစ်ဦးဖြစ်လာခဲ့ကြောင်း သိရသည်။ အလွန်ဆိုမှာ မတူညီသည့် ကလပ်အသင်းများစွာနှင့် မြင့်မားသည့် အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သူဖြစ်သလို စပိန်လက်ရွေးစင်အသင်းအတူ ကမ္ဘာ့ဖလားနှင့် ဥရောပဖလားချန်ပီယံဆု တို့ကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

သူသည် ဆိုစီဒက်အသင်းတွင် ကစားသမားဘဝစတင်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်တွင် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် လီဗာပူးအသင်းတွင်ပြသနိုင်ခဲ့သောသူ၏ ခြေစွမ်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ ချိတ်ဆက်ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့သည်။ ယင်းနောက် ၂၀၀၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားခဲ့ပြီး ၂၀၁၄ ခုနှစ်မှစတင်၍ ယခုထိ ဘိုင်ယန်မြူးနစ်တွင် ကစားနေသူဖြစ်သည်။ အလွန်ဆိုမှာအသက်(၃၅) နှစ်သာ ရှိသေးသဖြင့် အနည်းဆုံးသုံးရာသီလောက် ဆက်လက်ကစားရန် အခြေအနေရှိနေဆဲဖြစ်သော်လည်း ခြေစွမ်းကောင်းမွန်ဆဲ ကာလမှာပင် ကစားသမားဘဝကိုနှုတ်ဆက်တော့မည်ဖြစ်သည်။



အလွန်ဆိုက "ကျွန်တော်ကစားသမားဘဝ ပီပီပြင်ပြင်စတင်ခဲ့ရတာက လီဗာပူးမှာလို့ ပြောလို့ရပါတယ်။ ဆိုစီဒက်မှာတုန်းကတော့ ကျွန်တော်မိသားစုနဲ့ အိမ်နီးနားချင်းတွေနဲ့ ဒီဝန်းကျင်မှာပဲ ကျွန်တော်နေတယ်။ အင်္ဂလန်ရောက်သွားချိန်မှာတော့ အံ့မခန်းတဲ့အတွေ့အကြုံတွေရရှိခဲ့ပြီး အသက်(၂၂)နှစ်အရွယ်နဲ့ ကျွန်တော့်ဘာသာ ကိုယ်ပိုင်နေထိုင်တဲ့ အလေ့အကျင့်လည်း ရရှိခဲ့ပါတယ်။ လီဗာပူးမှာ ခြေစွမ်းကောင်းပြသနိုင်လို့လည်း ရီးယဲလ်က ကျွန်တော့်ကို ခေါ်ယူဖို့ ချိတ်ဆက်လာတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အလွန်ဆိုသည် လီဗာပူး၊ ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့်အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ သို့သော် ရီးယဲလ်လို ထိပ်တန်းအသင်းကြီးတွင် ချန်ပီယံလိဂ်ဖလားရရှိခြင်းက ဆန်းကျယ်သည့် ကိစ္စရပ်မဟုတ်ဘဲ လီဗာပူးအသင်းကို စတင်ရောက်ရှိလာသည့် ပထမရာသီမှာပင် ချန်ပီယံလိဂ်ဖလားရယူနိုင်ခြင်းက မမေ့နိုင်စရာ အခိုက်အတန့်ကို ပိုင်ဆိုင်စေခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

**အလွန်ဆို၏ ကစားသမားဘဝဖြတ်သန်းမှု**

| ကလပ်အသင်းအမည် | ကစားပွဲအရေအတွက် | သွင်းယူခဲ့သည့်ဂိုး |
|---|---|---|
| ရီးယဲလ်ဆိုစီဒက်(၂၀၀၁-၂၀၀၄) | ၁၂၄ | ၁၀ |
| အီဘား(၂၀၀၀-၂၀၀၁၊ အငှား) | ၁၄ | ၀ |
| လီဗာပူး(၂၀၀၄-၂၀၀၉) | ၂၁၀ | ၁၈ |
| ရီးယဲလ်မက်ဒရစ်(၂၀၀၉-၂၀၁၄) | ၂၃၉ | ၆ |
| ဘိုင်ယန်မြူးနစ်(၂၀၁၄-) | ၁၀၅ | ၉ |

**ကလပ်အသင်းများနှင့် ရရှိခဲ့သည့် ဆုတံဆိပ်များ**

အက်ဖ်အေဖလား(၂၀၀၅-၂၀၀၆)၊ ချန်ပီယံလိဂ်ဖလား(၂၀၀၄-၂၀၀၅၊ ၂၀၁၃-၂၀၁၄)၊ ကွန်မြူနတီဒိုင်း(၂၀၀၆)၊ ယူအီးအက်ဖ်အေစူပါဖလား(၂၀၀၅)၊ လာလီဂါ(၂၀၁၁-၂၀၁၂) ကိုပါဒယ်ရေး(၂၀၁၀-၂၀၁၁၊ ၂၀၁၃-၁၄)၊ စပိန်စူပါဖလား(၂၀၁၂)၊ ဘွန်ဒက်စ်လီဂါ(၂၀၁၄-၁၅၊ ၂၀၁၅-၁၆)၊ ဂျာမန်စူပါဖလား( ၂၀၁၅-၁၆)၊ ဂျာမန်စူပါဖလား(၂၀၁၅)

**နိုင်ငံလက်ရွေးစင်အသင်းနှင့် ရရှိခဲ့သည့်ဆုဖလားများ**

ကမ္ဘာ့ဖလား( ၂၀၁၀)၊ ယူရိုဖလား(၂၀၀၈၊ ၂၀၁၂)

# ကန်တီက ကျွန်တော့်ထက်ပိုကောင်းတဲ့ ကွင်းလယ်လူပါ

ချယ်လ်ဆီးနည်းပြကွန်တီက ချယ်လ်ဆီးကွင်းလယ်လူကန်တီနှင့် ၎င်းမှာကစားဟန်အလွန်တူသည့် ကစားသမားများဖြစ်ကြသော်လည်း ကန်တီက ပိုကောင်းသည့် ကွင်းလယ်လူဖြစ်ကြောင်း ချီးကျူးစကားပြောကြားခဲ့သည်။

နည်းပြကွန်တီက ဂျူဗင်တပ်တွင်ကစားခဲ့စဉ် စီးရီးအေဖလားငါးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ သို့သော် နည်းပြကွန်တီက ကွင်းလယ်လူကန်တီမှာ အင်မတန်တောင့်တင်းသည့် ကွင်းလယ်လူ ဖြစ်သော်လည်း မိမိမှာ ဂိုးပိုမိုသွင်းယူနိုင်သည့် ကစားသမားဖြစ်ကြောင်း ဆိုခဲ့သည်။

ကွင်းလယ်လူကန်တီသည် ပြီးခဲ့သည့် နွေဈေးကွက်တွင် လက်စတာအသင်းမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကြေးပေါင် ၃၂သန်းဖြင့် ရောက်ရှိလာခဲ့သူ ဖြစ်ပြီး ယခုနှစ်ပီအက်ဖ်အေ (ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု) ဆွတ်ခူးနိုင်မည်ဟု ထင်ကြေးပေးခံနေရသူ ဖြစ်သည်။

**မေလဲ့သင်း**
**စုစည်းသည်**

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

### အခန်း(၇)
### ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်

၂၅။ မည်သူမဆို အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထားရမည် -

(က) ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်း၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်း။

(ဂ) ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း လုပ်ငန်း။

၂၆။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၂၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြု၍ လိုင်စင်ထုတ်ပေးပါက လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၂၇။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

(ဂ) သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(ဃ) လိုင်စင်အမျိုးအစားအလိုက် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင် ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။

(င) ရရှိထားသော လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၂၈။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းပြုလုပ်ခွင့်များရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ပြုလုပ်ထားသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်းတည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်။

### အခန်း(၈)
### တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၉။ ဝန်ကြီးဌာနသည်-

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြား သင့်လျော်သူများ ပါဝင်သော တန်ဖိုးဖြတ် အဖွဲ့များကို လိုအပ်သည့် နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၀။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၃၁။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ) အရ မိမိထံ ပြသသော ကျောက်မျက်ရတနာအရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊

(ခ) မှတ်ပုံတင်ထားပြီးသော ကျောက်မျက်ရတနာအရိုင်းကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးသတ်မှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ တန်ဖိုးသတ်မှတ်ချက်အပေါ် ရတနာခွန် ကောက်ခံနိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်း မပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၉)
### ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ခြင်း

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သော တန်ဖိုးအပေါ် အခြေပြု၍ အောက်ပါ ရာခိုင်နှုန်းအတိုင်း မြန်မာငွေဖြင့် ရတနာခွန် ပေးဆောင်ရမည် -

(က) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန် ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ(က)ပါကျောက်မျက်ရတနာများမှအပ အခြားကျောက်မျက်ရတနာဖြစ်ပါက ၁၀ ရာခိုင်နှုန်း။

၃၃။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၂ အရ ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

၃၄။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၂ အရ ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကိုဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။

၃၅။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန် ပေးဆောင်ပြီးသော -

(က) ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့် နေရာတွင် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်၊

(ခ) ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

### အခန်း(၁၀)
### ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၆။ ဝန်ကြီးဌာနသည် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တာဝန်ရှိသူများ၊ ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်သည့် ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည် ။

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၇။ အစိုးရဝန်ထမ်း မဟုတ်သော ဗဟိုကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၃၈။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ ဈေးကွက်ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဆောင်ရွက်သင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ခ) ရတနာနယ်မြေသတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက် အမျိုးအစား သတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊ ပုဒ်မ ၁၉ အရ အများသုံးမြေစာပစ်ရန် နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၂၀ ပါ လုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့်ပြုမိန့်အတွက် မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဂ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ချောမွေ့ အောင်မြင်စေရန်အတွက် အစိုးရက ပံ့ပိုးကူညီသင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဃ) ကျောက်မျက်ရတနာ အမျိုးအစားအလိုက် ရတနာခွန် စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ သတ်မှတ်သင့်သောရာခိုင်နှုန်းကို ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း၊

(င) ရတနာခွန်စည်းကြပ်ရန်အလို့ငှာ တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်သူက ပြင်ဆင်ပေးရန် တင်ပြချက်အပေါ် အပြီးသတ် အဆုံးအဖြတ်ပေးခြင်း၊

(စ) တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာ တန်ဖိုးကို အမှန်တကယ်ဖြစ်ထိုက်သည့် တန်ဖိုးထက် လျော့နည်း၍ လည်းကောင်း၊ ပိုမို၍ လည်းကောင်း သတ်မှတ်ထားကြောင်း သိရှိရပါက လိုအပ်သလို ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝ ပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျင်းပစေခြင်းနှင့် ဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊

(ဈ) ကျောက်မျက်ရတနာ ထွက်ရှိပြီး ဈေးကွက်ဖွံ့ဖြိုးနိုင်သော နေရာဒေသများတွင်ဖြစ်စေ၊ ကျောက်မျက်ရတနာ ထွက်ရှိမှုမရှိသော်လည်း ဈေးကွက်ဖွံ့ဖြိုးနိုင်ဖွယ်ရှိသော နေရာဒေသများတွင်ဖြစ်စေ ကျောက်မျက်ရတနာအရောင်းအဝယ် ပြုလုပ်ရာနေရာများအား ကျောက်မျက်ရတနာဈေးအဖြစ် သတ်မှတ်ပေးနိုင်ရန်ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

(ည) ကျောက်မျက်နည်းပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဈေးများ၊ ကျောက်မျက်ပြတိုက်များအား ဖွင့်လှစ်ပေးခြင်း၊

(ဋ) ကျောက်မျက်ရတနာ ဈေးကွက်ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း။

### အခန်း(၁၁)
### စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၃၉။ ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေး အရာရှိချုပ်ဖြစ်သည်။

၄၀။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့် စည်းကမ်းများကိုလည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူက လိုက်နာခြင်းရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊မတော်တဆဖြစ်ပွားမှုမှကာကွယ်ရေး၊ သက်သာချောင်ချိရေး စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# လူမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် ဆည်မြောင်းကဏ္ဍဆိုင်ရာလုပ်ငန်းများဆောင်ရွက်



**မိုးညို မတ် ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန သည် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မား ရေးအတွက် ဆည်မြောင်းကဏ္ဍဆိုင်ရာလုပ်ငန်းများကို လည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း နွေစပါး စိုက်ပျိုးရေ ပေးဝေရေးနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများအတွက် ရေလှောင်တမံများ၊ ရေလွှဲဆည် များ၊ ရေတံခါးများ၊ ရေဘေးကာကွယ်ရေးတာများနှင့် ရေနုတ်မြောင်းများ ထိန်းသိမ်းပြုပြင် တူးဖော်တည် ဆောက်ခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်/ကန် အလိုက် ရေပေးဝေခြင်း၊ ချောင်းပိတ်မြောင်းပိတ် နည်း လမ်းများဖြင့် ရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့ပါး သက်သာစေရေးအတွက် ရေဘေးကာကွယ်ရေးတာ များ၊ ရေတံခါးများ၊ ရေထိန်းဆည်များနှင့် ဆက်သွယ် ရေးတာများ တည်ဆောက်ပြုပြင်လျက်ရှိကြောင်း သိရ သည်။

ယခု ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆည်ရေသောက်စနစ် များ ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ပြုပြင် ခြင်းတို့အား ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင် မိုးညိုမြို့နယ် ဘုရားကြီးကုန်း ခအောင်းပင်တာ ပြုပြင် ဆောင်ရွက်နေမှု၊ မြစ်မခ ရေတံခါးတည်ဆောက်နေမှု အခြေအနေ၊ မင်းလှမြို့ရှိ စိမ်းလန်းစိုပြည်ရေး ကန်တူး ဖော်နေမှု၊ လက်ပံတန်းမြို့နယ် ဧရာဝတီအရှေ့ဘက် ကမ်းတာ ပြုပြင်ဆောင်ရွက်နေမှုနှင့် သာယာဝတီ မြို့နယ် ကျွန်းကလေး ဝဲဒေါင့်တာနှင့် တောရကုန်း ရေတံခါး တည်ဆောက်နေမှုတို့အား ပဲခူးတိုင်းဒေသ ကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန မှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် ဒုတိယညွှန် ကြားရေးမှူး ဦးစိုးအောင်နှင့်အတူ မတ် ၁၁ ရက် နံနက် ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန် ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ လုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ မှာကြားခဲ့ ကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းသည် တစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့်စီမံကိန်းဖြစ်

**ပဲခူး မတ် ၁၂**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မတ် ၉ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းသည် နိုင်ငံတော်စီမံကိန်း တစ်ခုဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတစ်ခုအတွက်သာမဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးတစ်ခု ဖြစ်ကြောင်း၊ ယင်းလေဆိပ်စီမံကိန်းတွင် လာရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် နေထိုင်စရာ အိမ်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝလုံခြုံရေးတို့အတွက် သက်ဆိုင်ရာဌာန ဆိုင်ရာများမှ ကြိုတင်စီမံ ဆောင်ရွက်ထားကြစေလိုကြောင်း၊ လက်ရှိ လေယာဉ်ကွင်းမြေဧရိယာအတွင်း ကျူးကျော်နေထိုင်မှု များနှင့် ပတ်သက်၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်ရာတွင် ပွင့် လင်းမြင်သာစွာ ဆောင်ရွက်သွားကြရန်နှင့် ၎င်းကျူးကျော်နေ ထိုင်သူများအား ပြန်လည်အလုပ်အကိုင်များ ရရှိနိုင်ရေး၊ လူမှု ဘဝမြှင့်တင်ပေးနိုင်ရေးအတွက် သင်တန်းကျောင်းများ စသည်တို့ လည်း ဖန်တီးပေးရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က လက်ရှိ လေယာဉ်ကွင်းမြေဧရိယာအတွင်း ကျူးကျော်နေထိုင်မှုအခြေအနေ၊ ဖယ်ရှားရှင်းလင်း ဆောင်ရွက် သွားမည့်အစီအစဉ်များ၊ ပြန်လည်ပံ့ပိုးဆောင်ရွက်ပေးမည့် အစီ အစဉ်များအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ပြီး မြန်မာ့ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက လက်ရှိလေဆိပ်စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက် နေမှုအခြေနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား တင်ပြသည်။

ပဲခူးမြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် မြေဧရိယာ ၂၈၇၇ ဒသမ ၂၈ ဧကအတွင်း ကျူးကျော်နေထိုင်သူများအား အဆင့်(A)၊ အဆင့် (B) နှင့် အဆင့် (C) အုပ်စုသုံးစု ခွဲခြားသတ်မှတ် ထားပြီး အဆင့် (A)တွင် အခိုင်အမာ ဆောက်လုပ်ထားသည့် ဘုန်းတော်ကြီးကျောင်းများ၊ အဆင့်(B)တွင် လက်ရှိလည်း လူနေထိုင်ပြီး အခိုင်အမာ ဆောက်လုပ်ထားသည့် လူနေအိမ်များ၊ အဆင့် (C) တွင် ယာယီတဲသဘောသာရှိပြီး လူနေထိုင်ရန်မဖြစ် နိုင်သော တဲများဖြစ်သည်။

အဆိုပါကျူးကျော်သူများမှ အဆင့်(A)အတွက် သတ်မှတ် ဘုန်းကြီးကျောင်းများ ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း၊ အဆင့် (B)အတွက် အသင့်နေထိုင်နိုင်ရန် အိမ်ရာတည်ဆောက်ပေးခြင်းနှင့် ပြောင်းရွှေ့စရိတ် ကျပ် ၁၀၀၀၀၀ ပေးခြင်း၊ အဆင့် (C)အတွက် ပြောင်းရွှေ့စရိတ် ကျပ် ၁၀၀၀၀၀ ပေးသွားမည်ဖြစ်သည်။ **တင်စိုး(ပဲခူး)**

# နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ လုံခြုံရေးကိုဦးစားပေးဆောင်ရွက်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်မှာကြား

**ကော့သောင်း မတ် ၁၂**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့ မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ ကော့သောင်းမြို့ မဥ္ဇူသက ပြည်သူ့ ခန်းမ၌ မတ် ၁၁ ရက် နံနက်ပိုင်းက ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ၊ NGO၊ CSO အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ နိုင်ငံ ရေးပါတီများ၊ ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က နယ်စပ်ဒေသဖြစ်သည့် အားလျော်စွာ မိမိဒေသလုံခြုံရေး သတိအစဉ်ရှိရေး၊ နိုင်ငံ့ဝန်ထမ်းများ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန် စွာ မိမိတို့၏ လုပ်ငန်းများအား စေတနာထားဆောင် ရွက်ကြရေး၊ ကုန်စည်စီးဆင်းမှုကဏ္ဍများတွင် အဟန့် အတားဖြစ်ပေါ်စေသည့် ဒေသအတွင်း ငွေစက္ကူအစုတ် များ အခါအားလျော်စွာ ပေါ်ပေါက်နေမှုနှင့် မူးယစ် ဆေးဝါး ပြဿနာများအား ဖော်ထုတ်တားဆီးနိုင်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လာ ရောက် လည်ပတ်သည့် နိုင်ငံတကာဧည့်သည်များ ပင်လယ်ကျွန်းခရီးစဉ်များအတွင်း အန္တရာယ်ကင်း ရှင်းစေရေး၊ ရေရှားပါးသည့်ဒေသဖြစ်၍ မီးဘေး အန္တရာယ်များ အစဉ်သတိရှိရေး၊ မြို့သောက်သုံးရေ ဖြန့်ဝေရေး၊ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ အားထည့်ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်ရှင်းစွာ တာဝန်ထမ်းရွက်ကြရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ဒေသအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခန်း ကဏ္ဍများတွင် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြို့ခံပြည်သူများ အတူ တကွ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ များ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ရပ်မိ ရပ်ဖများ နိုင်ငံရေးပါတီများ၊ ပြည်သူများ၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍများအဖြစ် တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးလိုအပ် ချက်များ၊ မြေယာကိစ္စများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေ ရေးကိစ္စနှင့် သောက်သုံးရေဖြန့်ဝေမှုကိစ္စများ၊ လမ်း တံတားကိစ္စများမှ လိုအပ်ချက်များအား သက်ဆိုင်ရာ အဖွဲ့ အစည်းများတာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**ကျော်စိုး(ကော့သောင်း)**

# ပြည်သူတို့၏အခြေခံလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် မြဝတီမြို့နယ်စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်

**မြဝတီ မတ် ၁၂**
ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူတို့၏ လိုအင်ဆန္ဒများအား ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် One Stop Service စနစ် ဖြင့် တစ်နေရာတည်း တစ်ချိန်တည်းတွင် ဆောင်ရွက်ခြင်းအားဖြင့် အချိန်ကုန် သက်သာခြင်း၊ လုပ်ငန်းမြန်ဆန်စွာဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူး များရရှိစေရန် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် စုပေါင်းရုံးအဆောက် အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် နံနက် ၈ နာရီက အမှတ် (၃) ရပ်ကွက် အဓိဋ္ဌာန်အောင်ဘုရားလမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပ ခဲ့သည်။

မြဝတီမြို့နယ်စုပေါင်းရုံးအဆောက်အအုံသစ်အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင် သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တု နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဆောက်အအုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေး သည်။

အဆိုပါ မြဝတီမြို့နယ် စုပေါင်းရုံး သုံးထပ်အဆောက်အအုံတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စည်ပင်သာယာ ရေးအဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး အစရှိသည့် မြို့နယ်အဆင့် ဌာန ၁၁ ခုနှင့် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) တို့ဖြင့် အများပြည်သူတို့၏ လိုအင်ဆန္ဒများကို တစ်နေရာတည်း၊ တစ်ချိန်တည်း၌ အဆင် ပြေ လွယ်ကူချောမွေ့စေရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**


&efukefvrf;a'oluf;Dxm;&wyfUrSr(12)wyfcwyfpk(2)wGufhumif uav;rSwyfpkS'ktkoef;at;0pDaomwyfUf m;onfrwf9&uf oefvifrf;U,fatmifbk&xm;olrful*wf&xm;yNqmif;&;vkyfef 0ya'tal umif;tomnmay;vufurfpmapmif;jzef0ay;clumif oekonf"mwfk118

# ရထားလမ်းလွှဲစက် တပ်ဆင်ရန် သံလမ်းများလဲလှယ်

**ရန်ကုန် မတ် ၁၂**
ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးတွင် တစ်စိတ်တစ်ပိုင်းပါဝင်သည့် ရထားလမ်းလွှဲစက် (Point Machine)တပ်ဆင်ရန်အတွက် သံလမ်းများအစားထိုး လဲ လှယ်ခြင်းနှင့် သံလမ်းအဆက်များ၌ ဓာတ်အားကူးဝါယာများတပ်ဆင်ခြင်းလုပ်ငန်းအား မတ် ၁၀ ရက် နံနက်က မိုင်တိုင်အမှတ် ၀/၁၆ ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင် ဘူတာအကြားတွင် မြန်မာ့မီးရထား အငယ်တန်းအင်ဂျင်နီယာ(သံလမ်း) ဦးကျော်မင်း ဝေနှင့် ဦးဇော်မျိုးဆန်းတို့ဦးဆောင်ကာ လမ်းလုပ်သားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

“ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းမှာ လိုအပ်နေတဲ့ အဆင့်မြင့် လမ်းလွှဲစက်တွေကို အချိန် နဲ့တစ်ပြေးညီတပ်ဆင်ပေးနေတာပါ။ သံလမ်းဓာတ်အားကူးစနစ်တွေ ကောင်းမွန်အောင်၊ အချက်ပြပိုင်းဆိုင်ရာစနစ်တွေ ကောင်းအောင် ကြိုးစားလုပ်ဆောင်ပေးနေပါတယ်။ အားလုံးအဆင်သင့်ဖြစ်ရင် မတ် ၁၃ ရက် ည ၉ နာရီကနေ နောက်နေ့ မနက် ၃ နာရီထိ ရထား သွားလာမှုရပ်နားထားပြီး အပြီးတပ်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု အချက်ပြ ပိုင်းဆိုင်ရာ အင်ဂျင်နီယာ ဦးကြည်ထွဋ်နှင့် ဦးစံလှဝင်းတို့ကပြောသည်။ **မောင်မောင်**

# အမေရိကန်နိုင်ငံနှင့်မြန်မာနိုင်ငံ ဘဏ္ဍာရေးကဏ္ဍအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီ

အောင်ထွန်း

မြန်မာနိုင်ငံအနေဖြင့် ယခင်က အမေရိကန်နိုင်ငံနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ကြားခံနိုင်ငံတစ်ခု၏ အကူအညီရယူပြီးမှသာ လုပ်ဆောင်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာ့ဘဏ်လုပ်ငန်း ကမ္ဘာသို့တက်လှမ်းနိုင်စေဖို့ ကြိုးပမ်းကြသည်။ ပြယုဂ်တစ်ရပ်အဖြစ် ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံတော်နှင့် အမေရိကန် ပြည်ထောင်စုတို့အကြား (၁၆-၂-၂၀၁၇) နေ့မှစ၍ ကမ္ဘောဇဘဏ်မှတစ်ဆင့် တိုက်ရိုက်ငွေလွှဲနိုင်ပြီဆိုသော သတင်းကောင်းတစ်ရပ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ဆက်လက်၍ ထွန်းသစ်စ မြန်မာ့စီးပွားရေး အသိုက်အဝန်းအတွင်း တိုးတက်မှုဆောင်သော လက္ခဏာတစ်ရပ်အဖြစ် ဆွေးနွေးပြောဆိုနေကြသည်ကို ကျွန်တော် အလေးမူမိပါသည်။

၂၀၁၁ ခုနှစ်တွင် အမေရိကန်အစိုးရအဖွဲ့က မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ပြန်လည်တိုးတက်စေမည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့်အတူ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။

**အပြန်အလှန်ဆက်နွှယ်**

မြန်မာနိုင်ငံနှင့် စူပါပါဝါ အမေရိကန်ပြည်ထောင်စုတို့အကြား 'ငွေကြေးကုန်သွယ်မှု' (Trade Financing) နှင့် 'ငွေလွှဲပြောင်းမှု' များကို အချိန်မဆိုင်းဘဲ အခါမလင့် လုပ်ဆောင်နိုင်တော့မည့်ကိစ္စဖြစ်၍ တစ်နွယ်ငင် တစ်စင်ပါဆိုသလိုပင် စီးပွားရေးလုပ်ငန်းများ၏ သွက်လက်ထက်မြက်မှုမှာ တိုးတက်စေမည်သာဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးတို့ဟူသည် အညမည အပြန်အလှန်ဆက်နွှယ်မှုရှိကြပြီး ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများက ကြားခံများအဖြစ် ရပ်တည်ကာ ကုန်သွယ်ရေးလုပ်ငန်းများ ချောမွေ့စေဖို့၊ ဝန်ဆောင်မှုလုပ်ငန်းများ သွက်လက်စေဖို့ ရောင်းသူနှင့် ဝယ်ယူကြား အဆင်ပြေစေဖို့ ဆောင်ကြဉ်းပေးပါလိမ့်မည်။

ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာဘဏ်တစ်ခုဖြစ်သော Sumitomo Mitsui ကော်ပိုရေးရှင်းဘဏ်၏ နယူးယောက်ဘဏ်ခွဲ (SMBC NY)နှင့်အတူ USD Settlement Account တစ်ခုကိုဖွင့်လှစ်ကာ ချောမွေ့ ထိရောက်သည့်နည်းလမ်းဖြင့် ငွေလွှဲဝန်ဆောင်မှုများကို သွက်သွက်လက်လက် ဆောင်ရွက်ပေးလာနိုင်ခြင်းမှာ မြန်မာ့ဘဏ္ဍာရေးကဏ္ဍ၌ သမိုင်းမှတ်တိုင်သစ် စိုက်ထူခြင်းဟု ဆိုနိုင်ပေသည်။

မြန်မာ့ဘဏ္ဍာရေးလောက တိုးတက်မှုအတွက် နိုင်ငံတကာဘဏ်များနှင့် စည်းကိုက် ဝါးကိုက်ချိတ်ဆက်လုပ်ကိုင်နိုင်ရန် လိုအပ်ပါသည်။ ဤတွင် ကျွန်တော်တို့နိုင်ငံရှိ ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများက ပေါင်းကူးတံတားသဖွယ် ပေါင်းစည်းလုပ်ကိုင်ပေးသည့် အခန်းကဏ္ဍကို ရယူကြရပေသည်။

**အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးနိုင်**

ငွေလွှဲပြောင်းမှုပြုလုပ်ရာတွင် အချိန်သက်သာဖို့ လိုသည်။ စာရင်းရှင်း ဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး အခါမလင့် ပေးစွမ်းဖို့လိုသည်။ သို့ဖြစ်၍




USD Settlement Account zifhpfcif;ESifhwfbuf rD,mrm;ESifhwdkhjcif;? SMBC rS wm0ef&Sdol rm;ESifh arG;bPf vDuf wm0ef&Sdolrm; tm;vSwf& "mwfykHtukp0f "mwfyHkolvif (ECO)

Settlement Accounts သုံးကာ ငွေလွှဲမှုပြုလုပ်ရာတွင် ရှုပ်ရှုပ်ထွေးထွေးဆောင်ရွက်ရသည့် လုပ်ငန်းစဉ်မှာ ယခုအခါ ပြေလျော့သွားပြီဖြစ်သည်။ ငွေပေးချေမှုလုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးနိုင်ပြီဟုသိရသည်။

၂၀၁၂ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် မြန်မာနိုင်ငံရှိ အကြီးဆုံးသော ပုဂ္ဂလိကဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်နှင့် SMBC NY ဘဏ်တို့ မိတ်ဖက်ပြုဆောင်ရွက်ကြခြင်းမှာ မြန်မာ့စီးပွားရေးနှင့်ဘဏ္ဍာရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပန်းသာပေလိမ့်မည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မိတ်ဖက်ကော်မတီကို ဖွဲ့စည်းခဲ့ကြပြီးနောက် ငွေကြေးကုန်သွယ်မှု (Trade Finance)၊ Corporate Banking နှင့် လုပ်ငန်းတွဲဖက်လုပ်ဆောင်မှု အစရှိသည့်ကဏ္ဍများအတွက် ဆွေးနွေးခြင်းနှင့် အသိပညာဖလှယ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ဖေဖော်ဝါရီလအစောပိုင်းတွင် SMBC NY နှင့်အတူ USD Settlement Account ပြုလုပ်ခြင်းကို တရားဝင်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ရာ ဝန်ဆောင်မှုအသစ်ပေးစွမ်းနိုင်ပါပြီ။

**ကမ္ဘာ့အဆင့်မီ**

မြန်မာပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အားကိုးအားထားရာဖြစ်သော ကမ္ဘောဇဘဏ်သည် ၁၉၉၄ ခုနှစ်တွင် ပေါ်ထွန်းလာခဲ့ပြီး အကြီးဆုံးသောပုဂ္ဂလိက ဘဏ်အဖြစ်ရပ်တည်ကာ နိုင်ငံတကာ ကိုယ်စားလှယ်ရုံးများကိုလည်း ဖွင့်လှစ်ထားသည်။ ဝင်ငွေခွန်ပေးဆောင်ရာတွင် ငါးနှစ်ဆက်တိုက် ပထမနေရာတွင်ရှိနေသည်။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကောင်းမွန်ခြင်းအတွက် နှစ်စဉ်ဆုတံဆိပ်များ ရရှိနေသည်။ မြန်မာနိုင်ငံ၏ပုဂ္ဂလိကဘဏ်လုပ်ငန်းကဏ္ဍတွင် နိုင်ငံတစ်ဝန်းဘဏ်ခွဲပေါင်း ၄၅၀ကျော်ဖြင့် ကွန်ရက်တည်ဆောက်ထားသည်။ အကြီးဆုံးငွေချေးနိုင်သည့်ဘဏ်အဖြစ် ဝန်ဆောင်ပေးနေစဉ်မှာပင် ကမ္ဘာ့အဆင့်မီ နည်းပညာတီထွင်မှုနှင့် ဝန်ဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံလျက်ရှိသည်ကို တွေ့မြင်ရပါသည်။

ငွေသားအသုံးပြုမှုမရှိသည့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်သို့ ကမ္ဘာနှင့်အတူ ကူးပြောင်း ဝင်ရောက်နိုင်စေရန် ကမ္ဘာ့အကြီးဆုံးငွေပေးချေမှု ကွန်ရက်ကို တည်ဆောက်ထားသော VISA နှင့် ပူးပေါင်းမှုကိုလည်း တွေ့မြင်ရသည်။ ဆန်းသစ်သော PayWave နည်းပညာဖြင့် လျင်မြန်စွာ ငွေပေးချေနိုင်သည်။ ပြည်ပသို့သွားရောက်သည့် ခရီးသည်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အွန်လိုင်းမှ ငွေပေးချေနိုင်သည်။ KBZ EXPLORE ကြိုတင် ငွေဖြည့်ကတ်ကို VISA နှင့် Master Card နှစ်မျိုးစလုံးဖြင့် အသုံးပြုနိုင်ပြီး ကမ္ဘာတစ်ဝန်းတွင် ဈေးဝယ်ခြင်း၊ ငွေပေးချေခြင်းနှင့် ငွေထုတ်ယူခြင်းများ ပြုလုပ်နိုင်သည်ဟု သိရပါသည်။

**နိုင်ငံတကာနှင့်ချိတ်ဆက်**

Union Pay Credit Card အကြွေးဝယ်ကတ်ပြားများသည် အာရှ၌ ယုံကြည်စိတ်ချရဆုံး ခရက်ဒစ်ကတ်ဖြစ်ပြီး KBZ UPI Classic Card နှင့် KBZ UPI Platinum Card တို့ကို နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်စတော့ အိတ်ချိန်း (YSX)နှင့် သဘောတူညီ ချက်လက်မှတ်ရေးထိုးကာ Settlement Bank စာရင်းရှင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရပါသည်။

ဘဏ်လုပ်ငန်းဝန်ဆောင်မှုအရ ကမ္ဘာ့အဆင့်အတန်းမီ လုံခြုံမှုရှိစေရန် အမေရိကန်ပြည်ထောင်စုမှ Microsoft ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် နည်းပညာတိုးတက်ရေး၊ လူမှုအကျိုးပြု (CSR) လုပ်ငန်းများတိုးတက်ရေးအတွက် အထောက်အကူပြုပါလိမ့်မည်။ IT နည်းပညာကို အသုံးပြုကာ ဘဏ်၏ ဝန်ဆောင်မှုများကို မြှင့်တင်ပေးမည်ဟု မျှော်လင့်ရပါသည်။

**လူမှုအကျိုးပြု**

လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် KBZ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်၍ ပရဟိတလုပ်ငန်းများတွင် သဒ္ဓါတရားထက်သန်စွာ ပါဝင်လုပ်ကိုင်နေပြီး ယနေ့အချိန်ထိ ကျပ်ငွေ ၁၁၄ ဘီလီယံ လှူဒါန်းခဲ့သည်ဟုသိရပါသည်။

ယနေ့ကာလတွင် IT နည်းပညာ ဘဏ်လုပ်ငန်းတွင် နေရာယူလာသည်။ အီလက်ထရွန်နစ် ဘဏ်လုပ်ငန်း စနစ်သစ်ကို ဖော်ဆောင်လျက်ရှိပြီး မိတ်ဖက်အဖြစ် Oracle Financial Services Software နှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

အွန်လိုင်းဘဏ်လုပ်ငန်းကို မြှင့်တင်သည့်အနေဖြင့် iBanking နှင့် mBanking တို့ကို Oracle Flexcube Universal Banking Software အသုံးပြုသည့် ဘဏ်ခွဲများတွင် Register ပြုလုပ်ကာ အသုံးပြုနိုင်သည်ဟု သိရပါသည်။

ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းပညာကို အသုံးချနိုင်ဖို့ အရေးကြီးလှပါသည်။ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဂြိုဟ်တုဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဝန်ဆောင်မှုအသစ်ဖြင့် ပိုမိုမြန်ဆန်ကောင်းမွန်အောင်KBZ Gateway ကုမ္ပဏီနှင့် အမေရိကန် Hughes Network Systems တို့ ပူးပေါင်း၍ ဝန်ဆောင်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရပါသည်။

**ကြိုးကြိုးစားစားဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဘဏ္ဍာရေးကဏ္ဍ တိုးတက်စေရန် ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများကလည်း ကြိုးကြိုးစားစားဆောင်ရွက်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်များအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှ ဘဏ်များ၊ နည်းပညာကုမ္ပဏီများနှင့်အတူ မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်ရေးမှာ အရေးကြီးလှသည်ဟု ရှုမြင်မိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရန် မိမိတို့ နိုင်ငံတွင်းရှိဘဏ်များနှင့်ဘဏ္ဍာရေးအဖွဲ့အစည်းများအားလုံး လက်တွဲကြိုးပမ်းကြဖို့လည်း လိုအပ်ပါမည်။

နိုင်ငံတော်၏စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဘဏ်များအားလုံး ဆုံးဖြတ်နိုင်မြင့်မရွေး ပူးပေါင်းပါဝင်လျက်ရှိကြသည်ကိုလည်း တွေ့မြင်ရပါသည်။


ဘဏ္ဍာရေးစနစ်၏ နှလုံးသည်းပွတ်မှာ ဘဏ်များအားလုံး၏ ဝိညာဉ်သဖွယ် တည်ရှိနေသဖြင့် ဘဏ်များမှာ နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုအတွက်လည်းကောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုအတွက်လည်းကောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ရှင်သန်မှုအတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ စည်ပင်မှုအတွက်လည်းကောင်း အရေးကြီးလှသည်ဟု အခိုင်အမာဆိုချင်ပါသည်။

**ဘဏ်များ၏အခန်းကဏ္ဍ အရေးပါ**

ခွဲတာစုဆောင်းမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်အားပေးပြီး မတည်ရင်းနှီးငွေ ချို့ငဲ့ခြင်း မရှိမှသာ နိုင်ငံတော်၏စီးပွားရေး ရှင်သန်တိုးတက်ပေလိမ့်မည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရာတွင် မဟာဗျူဟာအရ အရေးပါလှသည်မှာ ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ဘဏ်များ၏အခန်းကဏ္ဍမှာ အရေးပါလှပါသည်။ ပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်ပေးမှုများကို ဘဏ်များကလုပ်ကိုင်ပေးခြင်းဖြင့် ပြည်သူဗဟိုပြု ဘဏ်များအားလုံး အချိုးညီညီတိုးတက်မှုကို တွေ့မြင်လာရမည်ဟု မျှော်လင့်မိပါသည်။

ကမ္ဘာနှင့်ချီ မြန်မာစိတ်ဓာတ်နှင့်အညီ စဉ်ဆက်မပြတ်တိုးတက်သောဘဏ်လုပ်ငန်းစနစ် ခိုင်မာအားကောင်းလာလျှင် မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် တစ်ခန်းတစ်ကဏ္ဍမှ ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ရပ်တည်လာနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါ။ ။

“ခွဲတာစုဆောင်းမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်အားပေးပြီး မတည်ရင်းနှီးငွေ ချို့ငဲ့ခြင်းမရှိမှသာ နိုင်ငံတော်၏စီးပွားရေး ရှင်သန်တိုးတက်. . . စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရာတွင် မဟာဗျူဟာအရ အရေးပါလှသည်မှာ ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ဘဏ်များ၏အခန်းကဏ္ဍမှာ အရေးပါ . . .”




Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com

ပြင်ဦးလွင် နေပြည်တော်

# စိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း

## ၂၀၁၇- ၂၀၁၈

## နွေသင်တန်း

## ပြင်ဦးလွင်၊ နေပြည်တော် စပြီ

**Discipline is rarely enjoyable, but almost always profitable.**




တစ်လချင်းလည်း ပေးသွင်းနိုင်ပါသည် ။

၂၀၁၇ နေ့တက်ကျောင်းသား စာသင်နှုန်းထားများ

**၁၀ တန်း**

- လပေးနှုန်း ပထမလ ၂သိန်း၄သောင်း၊ နောက်လများ လစဉ် ၁သိန်း၂သောင်း
- ၂ရစ်နှုန်း ပထမရစ် ၆သိန်း၊ ဒုတိယရစ် ၅သိန်း
- ၁ရစ်နှုန်း ၁၁သိန်း

**၉ တန်း**


- လပေးနှုန်း ပထမလ ၂သိန်း၂သောင်း၊ နောက်လများ ၁သိန်း၁သောင်း
- ၂ရစ်နှုန်း ပထမရစ် ၆သိန်း၊ ဒုတိယရစ် ၄သိန်း
- ၁ရစ်နှုန်း ၁၀သိန်း

**၈ တန်း**

- လပေးနှုန်း ပထမရစ် ၂သိန်း၊ နောက်လများ ၁သိန်း
- ၂ရစ်နှုန်း ပထမရစ် ၅သိန်း၊ ဒုတိယရစ် ၄သိန်း
- ၁ရစ်နှုန်း ၉သိန်း

(အဆောင်နေစရိတ် သီးသန့်ဖြစ်ပါသည် ။)

၂၀၁၇ ၊ မတ်လ (၁၅) မတိုင်မီ ငွေသွင်းလျှင် သွင်းငွေပေါ်မှာ ၅ % လျှော့မည် ။



ပြင်ဦးလွင် – အမှတ်(၂၀၆)၊ ဘီလမ်း ။ ဖုန်း ၀၈၅ ၂၂၁ ၂၈၊ ၂၁၃၉၉
နေပြည်တော် – ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မစျေးအနီး ။
ဖုန်း ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉

www.facebook.com/soesanboardingschool

# ကြော်ငြာ


## Pleasant Times
Travels & Tours Co., LTD

သင်္ကြန် ခရီးစဉ်များ Luxury Packages (April: 13/ 14)

ထားဝယ် – မြိတ်ဘုရားစုံ – သဘာဝကျွန်းစု
ကော့သောင်း – ရနောင်း – သူ့ဒွေးကျွန်း (With Flight)
တောင်ကြီး – အင်းလေး – ပင်းတယ – ကလော – ရွှာင်

Scania Coach

လူကြီးမင်းတို့၏ ကုမ္ပဏီအသင်းအပွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။

အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 - 931 7220, 09 - 454 454 310/ 730 72 661/ 252 872 529

ကိုယ်ပိုင် ပြည့်စုံရတနာ သင်္ကြန်အထူးခရီးစဉ်
09-420238909,09-73159071,09-32057934

ရွှေခင်းသာ FULLY AIR-CON EXPRESS
Ph: 09-420046635, 09-30207754, 09-262607878

## GOLDEN TRIANGLE Travels & Tours
* ရန်ကုန်–မဲဆောက်–ဗန်ကောက်(၂–ညအိပ်)–
ကမ္ဘောဒီယား(၂–ညအိပ်)–အယုဒ္ဓယ–မဲဆောက်–ရန်ကုန်
(ကားဖြင့်သွားပါမည်) 7D/6N (480 USD) 12-April-2017
09 4000 11689, 09 7800 34656, 09 420566478

၂၀၁၇ ခုနှစ်၊ နှစ်သစ်ကူး သင်္ကြန်အစီစဉ်သစ်
ထားဝယ်, မြိတ်, ကော့သောင်း, ကျွန်းများ ခရီးစဉ်
11-4-2017 မှ 18-4-2017 အထိ
သုဝဏ္ဏမိုးအော 09 51 55654 / 09 770660095 / 01 - 253079

## UNIQUE STAR TRAVELS & TOURS

| | | | |
|---|---|---|---|
| ဘန်ကောက်–ပတ္တရား | ဘန်ကောက်–ဖူးခက် | ဘန်ကောက်–ချင်းမိုင် | ဖူးခက်–ချင်းမိုင် |
| Apr: 10,11,12,13 ($ 599) | Apr: 12, 13 ($ 956) | Apr: 12, 13 ($ 956) | Apr:11,12 ($ 1140) |
| စင်္ကာပူ | စင်္ကာပူ–မလေး–ထိုင်း | စင်္ကာပူ–မလေး–လန်ကာဝီ | စင်္ကာပူ–ဘာလီ |
| Apr:11,12,14 ($ 720) | Apr:12,13 ($ 1500) | Apr:11,12 ($ 1315) | Apr:11,12 ($ 1740) |
| ဂျပန် | ဟိုချီမင်း–ဟာလောင်း | စင်္ကာပူ–မလေးရှား | ဘန်ကောက်–ကမ္ဘောဒီးယား |
| Apr:10,11,12,13 ($ 3600) | Apr: 11,12 ($ 956) | Apr:11,12 ($ 1195) | Apr: 12, 13 ($ 780) |
| ကိုရီးယား | ဗီယက်နမ်–ဘန်ကောက် | စင်္ကာပူ – ဗီယက်နမ် | ဟောင်ကောင်–မကာအို |
| Apr:11,12 ($ 2160) | Apr: 12,13 ($ 1140) | Apr:11,12 ($ 1315) | Apr: 11,13 ($ 1560) |
| ဗီယက်နမ်–ထိုင်း–စင်း | ဗီယက်နမ်–ကမ္ဘောဒီးယား | စင်္ကာပူ–ဘန်ကောက် | ပီကင်း–ရှန်ဟိုင်း |
| Apr: 12,13 ($ 1500) | Apr: 12,13 ($ 956) | Apr: 10,11,14 ($ 1140) | Apr: 11,12 ($ 1680) |

သင်္ကြန် Promotion ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

| | | | |
|---|---|---|---|
| ဘန်ကောက်၊ပတ္တရား | (6) D | Mar: 25 / Apr: 17 , 25 | ($ 499) |
| ဘန်ကောက်–ဖူးခက်/ ချင်းမိုင် | (6) D | Mar: 25 / Apr: 17 | ($ 790 / 690) |
| စင်္ကာပူ | (4) D | Mar: 24 | ($ 599) |
| စင်း–မလေး | (6) D | Mar: 24 | ($ 899) |
| ဟန္နိုင်း–ဟာလောင်း | (4) D | Mar: 26 / Apr: 3 | ($ 499) |
| ဟိုချီမင်း–ဟန္နိုင်း–ဟာလောင်း | (6) D | Mar: 25 | ($ 699) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | (6) D | Mar: 25 | ($ 699) |
| ဘန်ကောက်–ဗီယက်နမ်–ကမ္ဘောဒီးယား | | Apr: 12 , 13 | ($ 1140) |
| ကူမင်း–တာလီ–လီကျန်း–ရှန်ဂရီလာ | | Apr: 11, 12 | ($ 1315) |

(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph: 01-708 353 ,705 723,09 514 8079,09 7310 9133, 09 7310 9144. No(126),42 St, 83-84 St,Mahar Aung Myay Tsp, Mandalay.099 7218 3333.

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ( FDA ) မှ ပထမဦးဆုံး အသိအမှတ်ပြု အရပ်ရှည်ဖြည့်စွက်အာဟာရ

HEIGHT XL

# အရပ်ပုလို့စိတ်ညစ်နေတာလား?

ဆယ်ကျော်သက်အရွယ်မှ စတင်သုံးစွဲခြင်းဖြင့်
ခေးဟိုဘာဝတစ်လျှောက်
မြင့်မားတဲ့အရပ်အမောင်းနဲ့
ဘဝကိုထွေကြုံးထဲ ရှုံးလမ်းနေမှာအသေအချာပါပဲ

Made in USA
Proudly Distributed by Htut Myat Co.,Ltd
GMP FDA




Height XL Office
အမှတ်-၆၀၊ ပထမထပ်၊ စံရိပ်မြိမ် ၅လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-5156033, 09-422493268, 09-254067198, 09-5192607
Height XL Myanmar Page တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

City Mart ၊ Capital ၊ စိန်ဂေဟာ ၊ ဂမုန်းပွင့် နှင့် Super one ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ROYAL MODERN FURNITURE

# မြန်မာ့နှစ်သစ်ကူးအကြို
# အထူးဈေးရောင်းပွဲတော်

5% ~ 50% OFF
MARCH 10TH - APRIL 12ND

Yangon :
Yuzana Plaza
Ph -01 206256, 09 977248415, 09 977248416
Taw Win Centre
Ph - 09 450007291, 09 977248382

Mandalay :
Diamond Plaza
Ph - 09 977248371, 09 977248375
Mingalar Mandalay
Ph - 09 977248372, 09 977248374

# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

စျ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃





HONDA | NCX
အသုံးစွန် စွမ်းဆောင်ရည်နဲ့
အလန်းဆုံး Style ပေါင်းစပ်မှု
NEW STYLE + PERFORMANCE
WAVE 110i
အဆင့်မြင့် ဆိုင်ကယ်ကို လမ်းမျိုးစုံအတွက်
ဖန်တီးထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။
Honda Wave 110i အသစ်များသည်
အထင်ကရ သေသပ်လှပသော လက်ရာမြောက်
ပြိုင်ဘီးဒီဇိုင်းစစ်စစ်များ ဖြစ်ပါသည်။
နောက်ဆုံးပေါ် PGM-FI နည်းပညာ၏ ကျေးဇူးဖြင့်
အပိုစွမ်းအင်စွန့်ထုတ်မှု သက်သာစေမည့်
အမျိုးအစားဖြစ်ပြီး ခေတ်ရေ့ပြေးဒီဇိုင်းကို
လေခွင်းအားကောင်းစွာနှင့် ရင်သပ်ရှုမောဖွယ်အသွင်ဖြင့်
မြင်တွေ့ရမှာ ဖြစ်ပါသည်။
From
၁,၅၆၀,၀၀၀ ကျပ် (Spoke)
POWER UP
သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး အမြင့်မားဆုံး စွမ်းဆောင်ရည် ပေးစွမ်းနိုင်သည့် နောက်ဆုံးပေါ် 110cc. PGM-FI နည်းပညာသုံး အင်ဂျင်
အားလုံးရဲ့အမြင်ကို ဖမ်းစားနိုင်မည့် လေခွင်းအားကောင်း အရှိန်မြင့် ဒီဇိုင်းအသစ်
ချောမွေ့စွာ စီးနင်းနိုင်ပြီး အရှိန်လျှော့ချမှုအတွက် လည်း စိတ်ချရသည့် Mono-Cylinder Disc ဘရိတ်အသစ်
စီးနင်းရာတွင် ပေါ့ပါးပြီး မောင်းနှင်ရာတွင် ငြိမ့်ညောင်းခြင်းပေးစွမ်းမည့် တိကျသေချာသော ဝင်ရိုးကိုယ်ထည်
01218521
ဒီနေ့ပဲ နီးစပ်ရာ Honda NCX အရောင်းပြခန်းကို သွားရောက်ကြည့်ရှုပြီး
အသုံးစွန်စွမ်းဆောင်ရည်နဲ့ အလန်းဆုံး Style ကို ဖော်ထုတ်ခံစားလိုက်ပါ။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးပေါင်းရှေ့၊ ရန်ကုန်မြို့။
၀၉ ၂၅၀ ၁၁၁၂၅၅
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇
MOBILE SERVICE
HONDA | NCX
HONDA
NCX MYANMAR CO., LTD.
SERVICE







# Vacancy Announcement

တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအား ဖိတ်ခေါ်အပ်ပါသည်။

**၁။ ရုံးအဖွဲ့မှူး** (၁) ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်ဖြစ်သည်။
- ရုံးအဖွဲ့မှူး/ရုံးအုပ်ရာထူးဖြင့် အနည်းဆုံး(၅)နှစ်၊ လုပ်ကိုင်ဖူးသူဖြစ်ရမည်။
- ရုံးစာပုံစံအမျိုးမျိုးကို စနစ်ကျအောင်ရေးသားနိုင်သူဖြစ်ပြီး၊ ကြီးကြပ်ညွှန်ကြားနိုင်သူဖြစ်ရမည်။
- ရုံး(ဝင်စာ/ထွက်စာ) များနှင့်၊ အစည်းအဝေးမှတ်တမ်းများကို စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းနိုင်ရမည်။

**၂။ အကြီးတန်းရုံးစာရေး** (၅) ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
- ရုံးစာပုံစံအမျိုးမျိုးနှင့် အစည်းအဝေးမှတ်တမ်းများကို ကွန်ပျူတာဖြင့် ကျွမ်းကျင်လျင်မြန်စွာ ရိုက်နိုင်ဖူးသူဖြစ်ရမည်။

**၃။ အငယ်တန်းရုံးစာရေး** (၅) ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။
- (မြန်မာ + အင်္ဂလိပ်) စာစီ/စာရိုက် ကျွမ်းကျင်စွာရိုက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် မိမိလျှောက်ထားလိုသည့်ရာထူးကို အတိအကျဖော်ပြီး၊ မျှော်မှန်းလစာနှင့် မိမိလုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်အတွေ့အကြုံများကို အသေးစိတ်ဖော်ပြထားသော Resume နှင့်အတူ ဓာတ်ပုံ(၁)ပုံကို E-mail နှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက် လျှောက်ထား၍ သော်လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ(၂၆)ရက်နေ့ နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။

GUSTO Co., Ltd. အမှတ် - ၂၈၉ (အေ)၊ ပြည်လမ်း (မြေနီကုန်းမှတ်တိုင်အနီး)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၁- ၅၀၃၇၁၅၊ ၀၁ - ၅၀၅၀၄၆၃၂၊ လိုင်းခွဲ (၁၀၃)၊
E-mail : hr@gusto-education.com




## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကိုမြင့်၏ [၁၄/ညတန(နိုင်)၁၄၃၉၉၁]၏ Passport No.M 760852 စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၇၆၆၇၂၀

## တိုက်ခန်း/ဆိုင်ဖွင့်ရန်(နေရာကောင်း) အမြန်ရောင်း

(မြေညီ+အပေါ်) ပေ(၁၃×၅၀)ထောင့်ခန်း၊ ကြွေခင်း၊ ဖုန်း(၂)၊ ရေလိုင်း(၂)၊ မီးစက်၊ A/C၊ ရှေ့လှည့်၊ ရှေ့ဘေးနေရာကျယ်၊ ဆန်းရှိတ်ပြည့်၊ (လှိုင်) စီးပွားရေးလုပ်ရန်၊ ရောင်း သိန်း(၁၉၀၀)၊ (ညှိနှိုင်း)

ဖုန်း-၀၉-၅၀၉၆၁၄၂၊ ၀၉-၅၀၆၈၆၁၉၊ ၀၉-၃၀၂၃၆၀၁၅၊ ၀၉-၂၅၄၂၂၅၅၂၇







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီးနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တကမြေအတွင်း၌ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက တည်ဆောက်လှူဒါန်းသည့် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး ပန္နက်တော်တင်၊ တွင်းတော်ဝန်း မင်္ဂလာနှင့် အလှူငွေပေးအပ် လှူဒါန်းပွဲကို ၂၀၁၇ ခုနှစ် မတ် ၉ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့်သတင်းအား မြဝတီရုပ်မြင် သံကြားနှင့် မြဝတီသတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါသတင်းအား မတ် ၁၀ ရက်နေ့ထုတ် 7 Day Daily နေ့စဉ်သတင်းစာတွင် "တပ်ချုပ် ဦးဆောင်လှူဒါန်းသော မဘသဥက္ကဋ္ဌဆရာတော်ကြီး၏ မဟာသာသနာ့ဗိမာန်တော် ပန္နက်တင်" ဟု အဓိပ္ပာယ်များစွာကွဲလွဲသော သတင်းခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း သာသနာ့ဗိမာန်တော်တစ်ခု အမှန် တကယ်လိုအပ်နေကြောင်း တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်မှ စာဖြင့် မေတ္တာရပ်ခံပေးပို့ချက်အရ သာသနာ့ဗိမာန်တော်ပေါ်ပေါက်စေရေး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ကမကထပြုလုပ်၍ ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသာသနာ့ ဗိမာန်တော်ကြီးတွင် သံဃာတော်များ ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲများ၊ အခြား သာသနာရေးဆိုင်ရာစာမေးပွဲများ ပြုလုပ်နိုင်ရန်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးအလို့ငှာ အသုံးပြုနိုင်ရန် သံဃာအားရည်မှန်း၍လှူဒါန်းသော "သံဃိကဒါန" စုပေါင်းအလှူသာဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**



ရွှေတိဂုံဘုရား၌ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိသည်ကို တပေါင်းလပြည့်နေ့ ညနေပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

# တပေါင်းလပြည့်နေ့ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိ

**ရန်ကုန် မတ် ၁၂**

တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်၍ "နေ့ပူလို့ညချမ်း တပေါင်းလသရမ်း"ဟု ဆိုစမှတ်ပြုကြလေသည်။ တပေါင်းလသည် ဆောင်းကြွင်းနွေဦးလဖြစ်ကာ သစ်ပင်များမှာ ရွက်ဟောင်းများကြွေ၍ ရွက်သစ်ဝေကာ အညွန့်အညှောက်လေးများပေါ်ထွက် လာခြင်းဖြင့် တင့်တယ်သာယာလှပေသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



ဖွဲ့ကပင်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ရန်ကုန်နှင့်ရောဝတီ နိုင်ပွဲဆက်

**ရန်ကုန် မတ် ၁၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)တတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

ရန်ကုန် - နှစ်ဂိုး

ဇွဲကပင် - တစ်ဂိုး

ပွဲစဉ်(၈)တွင် ချင်းယူနိုက်တက်ကို မထင်မှတ်ဘဲရှုံးခဲ့သည့် ဇွဲကပင်အသင်း သည် ယခုပွဲထပ်မံရှုံးနိမ့်ခဲ့သောကြောင့် အဆင့်(၄)နေရာမှ ဖယ်ပေးခဲ့ရသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းသည် ပုံစံကောင်း ဆက်လက်ပြသနိုင်ခဲ့ပြီး နောက်ဆုံး ခုနစ်ပွဲဆက် အနိုင်ရရှိကာ ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

ထိပ်ဆုံးတွင် အမှတ်ဖြတ်ဆက်လက် ဦးဆောင်နိုင်ရန်အတွက် ရန်ကုန်အသင်း သည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းသည် ကစားကွက်တည်မရဖြစ်နေသောကြောင့် ရန်ကုန်အသင်း စိတ်ကြိုက်ဖိကစားခဲ့သည်။ ပွဲစပြီး ၁၀ မိနစ်တွင် ရန်ကုန်အသင်း အဖွင့်ဂိုးရခဲ့ပြီး အီမာဆင်က အဝေးကန် ချက်ဖြင့် သွင်းယူခဲ့သည်။ ဇွဲကပင်အသင်း သည် ကွင်းလယ်ကစားပုံပျက်နေသော ကြောင့် ရန်ကုန်အသင်းကစားကွက်ကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❋**

**ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၄ ရက် သတင်းစာတွင် ပါရှိမည်**

ပြည်ထောင်စုတရားလွှတ်တော် ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၄ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)






ကြေးမုံ
အထူးကဏ္ဍ
၁၃ - ၃ - ၂၀၁၇ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# ဒီမိုကရေစီအုတ်မြစ်ခိုင်မာအောင် တည်ဆောက်နေသည့် အမျိုးသားလွှတ်တော်

သတင်းဆောင်းပါး - သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ လွှတ်တော်အစည်းအဝေးကြီးကို စတင်လိုက်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စတင်ခဲ့သည်။ ပထမပုံမှန်အစည်းအဝေး၏ ပထမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

တိုင်းရင်းသားပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သည် ယခုအခါ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးမှ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ပြည်သူ့ငွေစာရင်းကော်မတီဝင် တစ်ဦးဖြစ်သူ ဦးဟင်နရီဗန်ထီးယူသည် မတ်လ ၁၁ ရက်နေ့တွင် ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်၌ ကတိသစ္စာပြုကာ ဒုတိယသမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။

**ပြည်သူ့ဆန္ဒများ**

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ လွှတ်တော်အစည်းအဝေးများ၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူ့ဆန္ဒများကို လွှတ်တော်၏အသံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်ကိုဆင်းပြီး ပြည်သူတွေရဲ့လိုအပ်ချက်၊ ဒေသတွင်း လိုအပ်ချက်တွေကိုရှာဖွေပြီး လွှတ်တော်အတွင်း မေးခွန်းတွေမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတွေကို မိမိတို့ရဲ့ဒေသ၊ မိမိတို့ပြည်သူတွေအတွက် ဆောင်ရွက်နေပါတယ်"ဟု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြောသည်။

**မေးခွန်းပေါင်း ၂၈၄ ခု**

တိုင်းရင်းသားပြည်သူများ၏အကျိုးနှင့် ဒေသအကျိုးအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ကိစ္စများ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များစွာကို ပြည်သူလူထုအကျိုးငှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၄ ခုနှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၁၆၀ တို့ကိုမေးမြန်းခဲ့ပြီး အဆို လေးခုကိုလည်း တင်သွင်းနိုင်ခဲ့သည်။

ပြည်သူများ၏ အကျိုးနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန် အမြဲတမ်းကော်မတီ (၄) ရပ်နှင့် လွှတ်တော်ရေးရာကော်မတီ (၁၂) ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "လွှတ်တော်မှာ ဖွဲ့စည်းရမယ့် ကော်မတီတွေဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွေကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူလူထုနဲ့ တိုင်းပြည်အတွက် လိုအပ်တဲ့ကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကော်မတီ (၁၂)ခုကို ဖွဲ့စည်းခဲ့ပါတယ်"ဟု ပြောကြားသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်နေ**

လွှတ်တော်ကော်မတီများသည် လွှတ်တော်အငယ်များ (Mini Parliament)ဖြစ်သည်နှင့်အညီ အစိုးရဝန်ကြီးဌာနများ၏လုပ်ငန်းများကို အပြန်အလှန်ထိန်းကျောင်းသည့်အနေဖြင့် စိစစ်မှုများဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ကူညီဖြည့်ဆည်းခြင်း၊ ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့်ဥပဒေများရေးဆွဲခြင်း၊ ခေတ်ကာလနှင့်မကိုက်ညီသည့် ဥပဒေများကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းများဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

အထူးကဏ္ဍ (ခ) သို့ »»




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**တိုင်းရင်းသားပြည်သူများ၏ အကျိုးနှင့် ဒေသအကျိုးအတွက် အမှန်တကယ် လိုအပ်လျက်ရှိသော ကိစ္စများ၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များစွာကို ပြည်သူလူထုအကျိုးငှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၄ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၆၀ တို့ကို မေးမြန်းခဲ့ပြီး အဆိုလေးခုကို လည်း တင်သွင်းနိုင်ခဲ့**



အမျိုးသားလွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း
လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာစဉ်။

အထူးကဏ္ဍ (က) မှ »»

"လွှတ်တော်ကိုယ်စားလှယ်တွေ အရည်အသွေးမြင့်မားရေးအတွက် ပညာရှင်တွေ၊ အဖွဲ့အစည်းတွေ ဖိတ်ခေါ်ပြီး လွှတ်တော်အတွင်း ဆွေးနွေးပွဲတွေကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

**ဥပဒေကြမ်းကော်မတီ**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄(က)၊ နည်းဥပဒေ ၄၄(က)အရ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ၎င်းအပါအဝင် ကိုယ်စားလှယ် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကော်မတီအနေဖြင့် အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေပေါင်း ၂၂ ခုအနက် ၁၅ ခု ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျန်ဥပဒေ ငါးခုမှာ ဆောင်ရွက်နေဆဲဖြစ်ပြီး ဥပဒေနှစ်ခုကို ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည်။ ပြည်သူ့လွှတ်တော်၌စတင်ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့လာသော ဥပဒေ ၁၁ ခုအနက် ကိုးခုမှာ ဆောင်ရွက်ပြီးစီး၍ နှစ်ခုမှာ ဆောင်ရွက်နေဆဲဖြစ်သည်။ တစ်နှစ်တာကာလအတွင်း ဥပဒေပေါင်း ၂၄ ခု တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ပြီး ကိုးခုမှာ ဆောင်ရွက်ဆဲဖြစ်သည်။

အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာကာလအတွင်း အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေ ငါးခု၊ ပြင်ဆင်ရေးဆွဲသည့် ဥပဒေ ရှစ်ခုနှင့် ရုပ်သိမ်း၊ ပယ်ဖျက်သည့် ဥပဒေခြောက်ခု စသည်ဖြင့် ဥပဒေပေါင်း ၁၉ ခုကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန် ဆောင်ရွက်နိုင်ခဲ့သည်။

**ကော်မတီအစည်းအဝေး ၆၂ ကြိမ်**

ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ၏ ဥပဒေပြုခြင်းဆိုင်ရာများအား နိုင်ငံသားများ၏အကျိုးစီးပွားနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များ ပါဝင်သော ကော်မတီအစည်းအဝေးများကိုလည်း ၆၂ ကြိမ် ကျင်းပနိုင်ခဲ့သည်။

"လွှတ်တော်အနေနဲ့ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရတာဖြစ်လို့ နိုင်ငံတော်နဲ့ ပြည်သူပြည်သားတွေရဲ့အကျိုးကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေကို အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေ

အထူးကဏ္ဍ (ဂ) သို့ »»

**ဥပဒေကြမ်းကော်မတီအနေဖြင့် အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေပေါင်း ၂၂ ခုအနက် ၁၅ ခု ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျန်ဥပဒေ ငါးခုမှာ ဆောင်ရွက်နေဆဲဖြစ်ပြီး ဥပဒေနှစ်ခုကို ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည်။ ပြည်သူ့လွှတ်တော်၌စတင်ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့လာသော ဥပဒေ ၁၁ ခုအနက် ကိုးခုမှာ ဆောင်ရွက်ပြီးစီး၍ နှစ်ခုမှာ ဆောင်ရွက်နေဆဲဖြစ်သည်။ တစ်နှစ်တာကာလအတွင်း ဥပဒေပေါင်း ၂၄ ခု တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ပြီး ကိုးခုမှာ ဆောင်ရွက်ဆဲဖြစ်**




၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့က စတင်ကျင်းပသော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး ပထမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိ၏ရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။

အထူးကဏ္ဍ (ခ) မှ »»
အတွက် အကျိုးမဖြစ်တဲ့ဥပဒေတွေကို ရုပ်သိမ်းခဲ့သလို နိုင်ငံတော်အတွက် အလွန်အရေးကြီးတဲ့ ငြိမ်းချမ်းရေးရဖို့အတွက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်တွေက ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်”ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

### ပြည်သူ့ငွေစာရင်းကော်မတီ

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွန်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ အဖွဲ့ဝင် ၁၄ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းကော်မတီသည် တစ်နှစ်တာကာလအတွင်း ကော်မတီ၏အစည်းအဝေး ၁၅ ကြိမ် ဆောင်ရွက်ခဲ့သည်။ ယင်းကော်မတီသည် ဧည့်သည်တော်များနှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးပွဲများတက်ရောက်ခြင်း၊ အခမ်းအနားများ တက်ရောက်ခြင်း စုစုပေါင်း ၄၃ ကြိမ် ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးမှုဖြင့် ပြည်သူ့ငွေစာရင်းကော်မတီသည် မြန်မာ့အာမခံဥပဒေ (၁၉၉၃) နှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၂) တို့ကို လေ့လာဆောင်ရွက်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ မြန်မာ့အာမခံလုပ်ငန်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၁ ခုနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုလုပ်ကိုင်ခွင့်ရ ပုဂ္ဂလိကဘဏ် ၁၇ ခုတို့မှ တာဝန်ရှိသူများကို ဖိတ်ကြားကာ အစည်းအဝေးများ ပြုလုပ်ခဲ့သည်။

အဆိုပါဥပဒေများနှင့်ပတ်သက်၍ အပြန်အလှန်အသေးစိတ်မေးမြန်းဆွေးနွေးခြင်း၊ လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

### ဟန်ချက်ညီညီ

ပြည်သူ့ငွေစာရင်းကော်မတီ၏ ဆောင်ရွက်ချက်များကို လွှတ်တော်သို့ အစီရင်ခံစာများရေးသားတင်သွင်း၍ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်မှုအစိုးရအဖွဲ့တို့အကြား ဟန်ချက်ညီညီဖြင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ဂ)အရ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်က ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

လွှတ်တော်အခွင့်အရေးကော်မတီသည် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များကို စိစစ်အတည်ပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း စသည့်တာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

### မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေ

အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာကာလအတွင်း လွှတ်တော်အစည်းအဝေးကျင်းပခဲ့သည့် ရက်ပေါင်း ၁၀၃ ရက်တွင် အစည်းအဝေးတက်ရောက်သူ လွှတ်တော်ကိုယ်စားလှယ်များကို နေ့စဉ်စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ကော်မတီဝင်များနှင့် ဥပဒေဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပေါင်း ၁၁ ကြိမ် ဆောင်ရွက်ခဲ့ပြီး ကော်မတီသို့တာဝန်ပေးသည့်ဥပဒေများကို ဆွေးနွေးကြားနာညှိနှိုင်းခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပညာရေးမူဝါဒကျွမ်းကျင်သူများ၊ တတ်သိပညာရှင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရန် တင်ပြဆောင်ရွက်နိုင်ခဲ့သည်။

လွှတ်တော်အခွင့်အရေးကော်မတီဝင်များသည် ဩဂုတ်လတွင် ရန်ကုန်တရားမျှတမှုစင်တာမှ ရှေ့နေဝန်ထမ်းများပါဝင်သော အဖွဲ့ဝင် ၆၁ ဦးနှင့်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ တရားဥပဒေ အကာအကွယ် ပြည့်ပြည့်ဝဝရရှိရေး၊ ပြည်သူလူထုအတွင်း ဥပဒေများ ပျံ့နှံ့သိရှိစေရန် ဆောင်ရွက်ရေး၊ ခေတ်နှင့် မလျော်ညီသော ဥပဒေများ၊ ဒီမိုကရေစီစံချိန်စံညွှန်း မကိုက်ညီသော ဥပဒေများကို ရေးဆွဲ၊ ပယ်ဖျက်၊ ပြင်ဆင်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

### ကျယ်ကျယ်ပြန့်ပြန့်

ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် လွှတ်တော် အခွင့်အရေးကော်မတီဥက္ကဋ္ဌဦးစီးသော အဖွဲ့ဝင်များသည်

အထူးကဏ္ဍ (ဃ) သို့ »»



အစည်းအဝေးတက်ရောက်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ




၂၀၁၆ ခုနှစ် ဇွန်လ ၆ ရက်နေ့က ဒုတိယအကြိမ် လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



လွှတ်တော်အစည်းအဝေးများ၌ ပြည်သူတို့၏အကျိုးအတွက် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဥပဒေပြုခြင်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်လျက်ရှိသည်။



အထူးကဏ္ဍ (၈) မှ »»

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ နိုင်ငံရေးဆိုင်ရာ အကြံပေး Mr. Andreas Magnusson အဖွဲ့နှင့်တွေ့ဆုံ၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများ၊ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် ရည်မှန်းချက်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသားလွှတ်တော်အခွင့်အရေး ကော်မတီသည် လွှတ်တော်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ကော်မတီဝင် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်အစည်းအဝေးများတွင် ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို သတ်မှတ်ကာလအတွင်း ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိကို စိစစ်ရသည့်တာဝန်ကို ထမ်းဆောင်ရသည့် ဥက္ကဋ္ဌမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဖြစ်သည်။

**မေးခွန်းပေါင်း ၄၄၄ ခု**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်အသီးသီးက လွှတ်တော်အစည်းအဝေးတွင် ပြည်သူလူထု၏ အကျိုးနှင့်စပ်လျဉ်း၍ မေးခွန်းပေါင်း ၄၄၄ ခုနှင့် အဆိုလေးခုမေးမြန်းတင်သွင်းခဲ့သည်။ ၎င်းတို့အနက်မှ ပြည်ထောင်စုအဖွဲ့ဝင်များက ဆောင်ရွက်ပေးရန် ကတိပေးခဲ့သည့် မေးခွန်း ၂၄၆ ခု၊ အတည်ပြုအဆို တစ်ခု၊ အတည်မပြုအဆို တစ်ခုနှင့် မှတ်တမ်းတင်အဆို နှစ်ခုရှိခဲ့ကြောင်း သိရသည်။

ကော်မတီအနေဖြင့် အဆို၊ ကတိ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများကို ဖိတ်ကြားပြီး အတည်ပြုခြင်း၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို လစဉ်အကြောင်းပြန်ကြားစေခြင်း၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီညီဖြင့် ထိန်းကျောင်းလျက်ရှိသည်။

**တိုင်ကြားစာပေါင်း ၄၃၆၇ စောင်**

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာကော်မတီကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌမှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဆန်းမြင့်ဖြစ်သည်။ ကော်မတီစတင်ဖွဲ့စည်းချိန်မှ ယခုနှစ် ဇန်နဝါရီလကုန်အထိ တိုင်ကြားစာပေါင်း ၄၃၆၇ စောင် လက်ခံရရှိခဲ့ပြီး မိတ္တူ ၁၃၀၇ စောင်နှင့် လယ်ယာမြေအမှုတွဲ ၅၅၅ စောင်ပါဝင်သည်။ ယင်းတိုင်ကြားစာများအနက် တရားရုံးတစ်ခုခုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ မှန်ကန်သော တိုင်ကြားချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

“ပြည်သူတွေရဲ့တိုင်ကြားမှုတွေကိုလည်း လိုအပ်ရင်လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေထံ ပေးပို့ဆောင်ရွက်နေသလို ဆက်လက်၍လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ပြည်သူလူထု၏ အကျိုးစီးပွားနှင့်စပ်ဆိုင်သော ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းစစ်ဆေးခြင်း ရှစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ တိုင်ကြားသူမှ နစ်နာသည်ဟုယူဆရသော ကိစ္စရပ်များအပေါ် ကော်မတီသို့ခေါ်ယူ၍ ကြားနာမှု နှစ်ကြိမ်၊ တိုင်ကြားစာများကို အာဏာပိုင်အဖွဲ့အစည်းများသို့ အမှုတွဲ ၁၄ စောင်၊ ဝန်ကြီးဌာနများသို့ ၃၅ စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အမှုတွဲ ၈၆ စောင် ပေးပို့ဖြေရှင်းဆောင်ရွက်ခဲ့သည်။

**လယ်ယာမြေ အမှုတွဲ ၃၅၈ စောင်**

လယ်ယာမြေနှင့် အခြားလယ်မြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လယ်ယာမြေအမှုတွဲ ၃၅၈ စောင် လွှဲပြောင်းပေးပို့နိုင်ခဲ့ပြီး တိုင်ကြားလာသော ကာယကံရှင်များထံ ပြန်ကြားစာစောင် ၁၄၁ စောင် ပြန်ကြားဆောင်ရွက်ခဲ့သည်။ တိုင်ကြားစာကော်မတီသည် ပြည်သူတို့၏နစ်နာချက်များ၊ လိုအပ်ချက်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးနေသည်ဟုလည်း သိရသည်။

ဆက်လက်၍လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက “ကော်မတီတွေမှာ တာဝန်ယူဆောင်ရွက်တဲ့ ကိုယ်စားလှယ်တွေကလည်း မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေကို အသိပညာ၊ အတတ်ပညာရှင်တွေ၊ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြပါတယ်”ဟု ဆိုသည်။

**ရေးရာကော်မတီ ၁၂ ရပ်**

အမျိုးသားလွှတ်တော်သည် ပြည်သူတို့၏ အကျိုးအတွက် ဖွဲ့စည်းထားရှိသော ရေးရာကော်မတီ ၁၂ ရပ်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကော်မတီအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များကို ဖိတ်ကြား၍ ဥပဒေများ ပိုမိုခိုင်မာအားကောင်းစေရန် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ပြည်သူ့လိုလားချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ကွင်းဆင်းလေ့လာညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာကော်မတီများသို့ ရောက်ရှိလာသော တိုင်ကြားစာများကို စစ်ဆေး၍ ပြည်သူတို့၏ မူလအခွင့်အရေးများ မနစ်နာစေရေးအတွက် ဖြေရှင်းပေးခြင်းများကို ကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ရမည်းသင်းနှင့် လှိုင်ကော်မြို့များရှိ အကျဉ်းထောင်များသို့သွားရောက်၍ အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်လည်း တနင်္သာရီနှင့် ရခိုင်ဒေသတို့သို့ ငါးကြိမ်ကွင်းဆင်းစစ်ဆေး၍ ရေလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးအခြေအနေများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သလို တိုင်းရင်းသားရေးရာ ကော်မတီသည် တိုင်းရင်းသားတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ပိုမိုဖော်ထုတ်ပျိုးထောင်ပေးနိုင်ရန် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(ရွာသစ်ကြီး)သို့ သွားရောက်ကာ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့သည်။

**အဆုံးသတ်စေခဲ့**

ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီသည် အလုပ်သမားအရေးကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပုလိပ်မြို့ရှိ ပန်ဒါချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံသို့သွားရောက်၍ ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် ရှစ်လကျော်ကြာမြင့်ခဲ့သော အလုပ်သမား ဆန္ဒပြမှုကို အဆုံးသတ်စေခဲ့ပြီး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ဤသည်မှာ ပြည်သူ့လိုလားချက်များကို လွှတ်တော်က ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။

လွှတ်တော်၏ တစ်နှစ်တာကာလအတွင်းလုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက “ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့ နိုင်ငံတော် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုတွေ လိုချင်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် မိမိတို့၏ အခန်းကဏ္ဍမှာ စိတ်ထားဖြူစင်ရိုးသားစွာ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ ပန်ကြားလိုပါတယ်”ဟု ဖိတ်ခေါ်ခဲ့သည်။

**ဒီမိုကရေစီအုတ်မြစ်**

အမျိုးသားလွှတ်တော်သည် ဥပဒေများ အသစ်ရေးဆွဲခြင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်ရန် စိစစ်ဆွေးနွေးခြင်း စသည့် ဥပဒေပြုခြင်းတာဝန်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များကို ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေရှိ ပြည်သူလူထု၏အသံကို နားထောင်၍ ဒီမိုကရေစီအုတ်မြစ် ခိုင်မာရေးလုပ်ငန်းစဉ်ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

■■■

# ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတို့တွင် ဆက်လက်တာဝန်ကျေနေဦးမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန



ပတ်ဝန်းကျင်သဘာဝရှုခင်းများဖြင့် ပန်းရလျက်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဖူးတွေ့ရစဉ်။

ရွှေရောင်တိုင်းပြည် "Golden Land"ဟု တင်စားခေါ်ဝေါ်သည့် မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများနှင့်အတူ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ဘုရား၊ ပုထိုးစေတီများသည်လည်း နိုင်ငံခြားသားခရီးသွားများအတွက် စိတ်ဝင်တစားလေ့လာချင်စရာ ဆွဲဆောင်မှုများပင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ရောက်လျှင် နိုင်ငံခြားခရီးသွားများ မဖြစ်မနေသွားလေ့ရှိသည့်နေရာများတွင် ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှသည့် ရွှေတိဂုံစေတီတော်ကြီးသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

မြန်မာမှာသာမက ကမ္ဘာကပါ အလေးအမြတ်ထားရသည့် နိုင်ငံ့ဂုဏ်ဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားဘုရားစေတီများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးအပါအဝင် **ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများကို စီမံဆောင်ရွက်နေသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပင် ဖြစ်သည်။**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့သစ် ဖွဲ့စည်းခြင်းနှင့် စည်းမျဉ်းသစ်များကို ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ရေးဆွဲခြင်း စသည့် ထာဝရဘက်စုံလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ရွှေတိဂုံစေတီတော်၏ ယခုအချိန်ထိ ဘဏ္ဍာငွေမှာ မြန်မာငွေကျပ် ဘီလီယံ ၆၀ ကျော်နှင့် ဒေါ်လာသန်း ၂၀ ကျော်ရရှိနေပြီဖြစ်ပြီး ရင်ပြင်တော်တွင် နေပူခံကျောက်ပြားများ လဲလှယ်တပ်ဆင်ရေးလုပ်ငန်းများနှင့် စောင်းတန်းအသွယ်သွယ်ရှိ ဖိနပ်အပ်လုပ်ငန်းများကို အခမဲ့စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအစီအစဉ်များ ရေးဆွဲလျက်ရှိသည်။

ယခုနှစ် ပွင့်လင်းရာသီမှစတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားသက်န်းတော်များ ကပ်လှူရာတွင် စံချိန်စံညွှန်းကိုက်ညီသည့် ရွှေသင်္ကန်းတော်များ ကပ်လှူနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသလို စေတီတော်ပရိဝုဏ်အတွင်း မောင်းသူမဲ့ဒရုန်းလေယာဉ်များလွှင့်တင်ပြီး စေတီတော်လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက်လည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

"ဒီ မောင်းသူမဲ့လေယာဉ်တွေကနေ ဖောက်ခွဲဖျက်ဆီးတဲ့ပစ္စည်းတွေ ဒါမှမဟုတ် လူတွေကိုထိခိုက်နိုင်တဲ့ ဖောက်ခွဲပစ္စည်းတွေတင်ပြီးတော့ အနှောင့်အယှက်ပေးလာနိုင်တဲ့ အန္တရာယ်တွေနဲ့ကြုံတွေ့လာနိုင်ဖွယ်ရှိပါတယ်။ ဒါကြောင့် ဒီမောင်းသူမဲ့လေယာဉ်တွေကို စေတီတော်ဂေါပကအဖွဲ့က Anti Drone လို့ခေါ်တဲ့ ထိန်းချုပ်စက်တွေ ဝယ်ယူထားပြီးဖြစ်ပါတယ်။ နောက်ပြီး စေတီတော်လုံခြုံရေးအတွက် CCTV အားဖြည့်တာတွေ၊ ပရိဝုဏ်အောက်ခြေပတ်လည်တစ်လျှောက် အလင်းမီးတိုင်များအားဖြည့်တဲ့စနစ်တွေ ပြုပြင်ပြောင်းလဲနေပါတယ်"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ပြောသည်။

ထို့ပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် စောင်းတန်းအသွယ်သွယ်ပြင်ဆင်ခြင်း၊ ကြွေပြားများလဲလှယ်ခြင်း၊ ဂန္ဓကုဋီတိုက်တော်တွင် ရွှေဇဝါယွန်းလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသလို ၁၉၅၂ ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နှစ်ပေါင်းကြာမြင့်လာ၍ ကောလာသည့် ဘေးမဲ့ကန်များ ပြုပြင်ခြင်းတို့ကိုလည်း အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရှိ အံ့ဖွယ်ထူးခြား ဘုရားစေတီများတွင် တစ်ဆူအပါအဝင်ဖြစ်သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင်လည်း နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအပါအဝင် ပြည်သူများက ဂေါပကအဖွဲ့၏ စီမံဆောင်ရွက်မှုများကို ဝေဖန်ထောက်ပြခဲ့ရာ ဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သည်။


ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ပရိဝုဏ်နှင့် ဆက်စပ်ဧရိယာအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအသီးသီးကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

အထူးကဏ္ဍ (စ) သို့ »»

## ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်သို့ ဘုရားဖူး သွားရောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နေထိုင်ရေးအတွက် တည်းခိုခန်းများကိုလည်း အခမဲ့တည်းခိုနိုင်ရန်၊ အနည်းဆုံးအခငွေ ဖြစ်စေရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများရရှိစေရန် ဆောင်ရွက်လျက်ရှိ



(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲဖြေဆိုနေကြသည့် ရဟန်းတော်များကို တွေ့ရစဉ်။

အထူးကဏ္ဍ (င) မှ »»

"ပြောင်းလဲတဲ့နေရာမှာ အရင်တုန်းက အလှူခံပုံးတွေဟာ ကန်ထရိုက်ပေးတာကြောင့် ဘုရားဖူးပြည်သူတွေ စိတ်အနှောင့်အယှက်ကြုံတွေ့ကြရတာတွေ ရှိပါတယ်။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နဲ့ဆက်နွယ်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ခေတ်အဆက်ဆက်က ချုပ်ဆိုထားခဲ့တဲ့ စာချုပ်စာတမ်းတွေက ချုပ်ဆိုပိုင်ခွင့်မရှိတဲ့ အဖွဲ့အစည်းတွေက နှစ်ရှည်လများ စာချုပ်တွေချုပ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီ စာချုပ်စာတမ်းတွေကို ပြည်ထောင်စုဝန်ကြီး အမှူးပြုတဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာပဲ အကုန်ပယ်ဖျက်ဖို့ဆောင်ရွက်ခဲ့ပါတယ်"ဟု ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက ဆိုသည်။

ထို့ပြင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးသွားရောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နေထိုင်ရေးအတွက် တည်းခိုခန်းများကိုလည်း အခမဲ့တည်းခိုနိုင်ရန်၊ အနည်းဆုံးအခငွေဖြစ်စေရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကြီးမှ ယခင်နှစ် လေးလတာအတွင်းက ငွေကျပ်သိန်းပေါင်း လေးထောင့်ရှစ်ရာကိုးဆယ့်သုံးသိန်းကျော် အလှူငွေရရှိခဲ့ပြီး ယခုနှစ် လေးလတာကာလအတွင်းတွင် ငွေကျပ်

**အထူးကဏ္ဍ (ဆ) သို့ »»**



(၆၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကျင်းပစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၆ ခုနှစ် မေ ၃၁ ရက်က အမျိုးသားပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာနေစဉ်။

## မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မတိမ်ကော မပပျောက်ရလေအောင် တစိုက်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)သည် အစိုးရသစ်တစ်နှစ်တာကာလအတွင်း နေပြည်တော်ရှိ အမျိုးသားပြတိုက်ကို အသစ်ပြင်ဆင်တည်ဆောက်ကာ ခင်းကျင်းပြသပေးနိုင်ခဲ့သလို အမျိုးသားပြတိုက်(ရန်ကုန်)ကိုလည်း အဆင့်မြှင့်တင် မွမ်းမံမှုများ ပြုလုပ်နိုင်ခဲ့

**အထူးကဏ္ဍ (၈) မှ »»**

သိန်းပေါင်း ၁၅၄၅၇ သိန်းကျော်ရရှိခဲ့ခြင်းကြောင့် တိုးတက်မှုပမာဏအနေဖြင့် ငွေကျပ်သိန်းပေါင်း ၁၀၅၆၄ သိန်းကျော် တိုးတက်ရရှိခဲ့သည်ကို ပြည်သူများထံ အသိပေးပြီဖြစ်ကြောင်းလည်း သိရသည်။

နေ့စဉ်နေ့တိုင်းလိုလို ပြည်တွင်းဘုရားဖူးများ၊ ပြည်ပမှ နိုင်ငံခြားသားခရီးသွားဖြင့် စည်ကားလျက်ရှိသည့် မြန်မာ့ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုလည်း တန်ခိုးကြီးဘုရားများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကာ ဂေါပကအဖွဲ့ စည်းမျဉ်းများရေးဆွဲခြင်း၊ ဂေါပကအသစ် ရွေးချယ်တင်မြှောက်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ပါမောက္ခချုပ်ဆရာတော် သီတင်းသုံးသည့်အဆောင်ကို အလှူရှင်များနှင့် ပူးပေါင်းကာ ဆောက်လုပ်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ပြသနိုင်ရေးအတွက် ပြီးခဲ့သည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှစတင်ကာ နိုင်ငံတော်သံဃမဟာနာယက ဝက်ဘ်ဆိုက်ကို လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများစွာနှင့် ကိုးကွယ်ရာဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းက "လက်ရှိမှာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဗဟိုက တစ်ဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်က ၁၁ ဖွဲ့၊ ခရိုင်အဆင့်က ၃၉ ဖွဲ့၊ မြို့နယ်အဆင့်က ၇၆ ဖွဲ့ စုစုပေါင်း ၁၂၇ ဖွဲ့ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက်ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးလှုပ်ရှားမှုတွေကို ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်တွေမှာ စုစုပေါင်း (၆၆) ကြိမ် လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမုန်းစကားကာကွယ်တားဆီးရေးဥပဒေမူကြမ်းကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ရေးဆွဲပြီး ပညာရှင်များဖြင့် စိစစ်ပြင်ဆင်ကာ ရှေ့နေချုပ်ရုံးသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတကာသဘောထားများရယူ၍လည်းကောင်း မူကြမ်းပြန်လည်ပြုစုပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြနိုင်ရေး ဆောင်ရွက်လျက်

**အထူးကဏ္ဍ (၉) သို့ »»**



အမျိုးသားပြတိုက် (နေပြည်တော်)ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဆ) မှ »»

ရှိကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်ရလေအောင် တစိုက်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)သည် အစိုးရသစ် တစ်နှစ်တာကာလအတွင်း နေပြည်တော်ရှိ အမျိုးသားပြတိုက်ကို အသစ်ပြင်ဆင် တည်ဆောက်ကာ ခင်းကျင်းပြသပေးနိုင်ခဲ့သလို အမျိုးသားပြတိုက်(ရန်ကုန်)ကိုလည်း အဆင့်မြှင့်တင်မွမ်းမံမှုများ ပြုလုပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ စေတီ၊ ပုထိုး၊ ဂူ၊ ဘုရား စသည့် သာသနိက အဆောက်အအုံများနှင့် အမျိုးသားအမွေအနှစ် အများဆုံးတည်ရှိရာ ပုဂံဒေသတွင် ပြီးခဲ့သည့်နှစ်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ရှေးဟောင်းအဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါငလျင်ကြောင့် ဘုရားစေတီပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ရသဖြင့် ရဟန်းရှင်လူပြည်သူများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် စနစ်တကျပြန်လည်ပြုပြင်နိုင်ရေးကို စီမံဆောင်ရွက်ခဲ့သည်။ ယင်းတို့အနက် နိုင်ငံတကာပညာရှင်များ၏ အကြံပြုမှု၊ ပံ့ပိုးကူညီမှုနှင့် ဌာနမှ ကြီးကြပ်ပြုပြင်ရမည့် ပထမဦးစားပေး ၃၆ ဆူ၊ ဒုတိယဦးစားပေး ၅၃ ဆူ၊ တတိယဦးစားပေး အဆူ ၃၀၀ ရှိကာ စေတီအဆူ ၃၀၀ အနက် ၂၂၄ ဆူကို ပြည်တွင်းမှ ပုဂ္ဂလိကအလှူရှင်များခေါ်ယူကာ အမြန်ဆုံးပြီးမြောက်စေရေး ဆောင်ရွက်ခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ပြောကြားသည်။

ထို့ပြင် ဘုရားများပြုပြင်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပမှ စိတ်အားထက်သန်စွာလှူဒါန်းမှုများကြောင့် ယခုအချိန်အထိ အလှူငွေ ၅ ဒသမ ၃ ဘီလီယံနှင့် တရုတ်နိုင်ငံမှလှူဒါန်းသည့် ဒေါ်လာ တစ်သန်းအပါအဝင် ၁ ဒသမ ၂ သန်းအထိ အလှူခံရရှိထားပြီဖြစ်ကြောင်း သိရသည်။

ပုဂံဘုရားများ ပြန်လည်ပြုပြင်မွမ်းမံရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးမပြုဘဲ ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ အလှူငွေများဖြင့် စနစ်တကျ ရှေးမူလက်ရာမပျက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲအောင် ဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ဆိုသည်။

မြန်မာ့သုခုမအနုပညာရပ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင် တိုးတက်ပြန့်ပွားလာစေရန်နှင့် ဆို၊ ငို၊ ပြော ပညာရပ်များ၊ ဇာတ်ဆောင်စရိုက်ဖန်တီးမှုပညာရပ်များကို မျိုးဆက်သစ်လူငယ်များ ထိန်းသိမ်းတတ်လာစေရန် စသည့်ရည်ရွယ်ချက်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဇာတ်ကြီးများကို ပြန်လည်ဖော်ထုတ်ကပြခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကုန်းဘောင်ခေတ်မှာရှိတဲ့ မြေရှင်ယာရှင်စနစ်ဆိုးနဲ့ မင်းမှုထမ်းတွေရဲ့ မတရားပြုမှုတွေကို ဖော်ထုတ်ပြသတဲ့ သီရိဝံသဇာတ်တော်ကို မှတ်တမ်းပြုရိုက်ကူးခဲ့ပါတယ်။ ပြည်သူတွေကြားမှာ အားလုံးနှစ်သက်လက်ခံအားပေးတဲ့ ဇာတ်တော်တစ်ခုကို ဒီကာလမှာ ထူးထူးခြားခြား တင်ဆက်ပေးနိုင်ခဲ့ပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ ဌာနရဲ့လုပ်ငန်းတာဝန်တွေဖြစ်တဲ့ နိုင်ငံတော်အဆင့် အခမ်းအနားပွဲတွေမှာ ဖျော်ဖြေပေးရတာရှိပါတယ်။ ထူးခြားတာက အာဆီယံပါလီမန်များညီလာခံမှာ ဖျော်ဖြေတဲ့အခါ နိုင်ငံတကာက တက်ရောက်လာကြတဲ့ ဧည့်သည်တော်တွေအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အနုပညာအရည်အချင်းတွေကို အသိအမှတ်ပြုလက်ခံနိုင်တဲ့ အခြေအနေရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု အစိုးရသစ် တစ်နှစ်တာကာလအတွင်း အနုပညာဦးစီးဌာန၏ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုများကို ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ရှင်းပြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက၊ အလှများကို ဖော်ကျူးသောအားဖြင့် (၂၂)ကြိမ်မြောက် မြန်မာ့ရိုးရာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲတစ်ရပ်အနေဖြင့် ယခုနှစ်တွင် ထည့်သွင်းကျင်းပနိုင်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင်လည်း မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များပြန့်ပွားစေရန်အတွက် အနုပညာဆိုင်ရာ ပညာရပ်များကို လေးနှစ်သင်တန်းအဖြစ် သင်ကြားပေးလျက်ရှိပြီး ဒီပလိုမာသင်တန်းများနှင့် Master Course များကိုပါ သင်ကြားပေးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တက္ကသိုလ်နှစ်ခုအနေနဲ့ ထူးခြားမှုတွေကတော့ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ MoU လက်မှတ် ရေးထိုးပြီးတော့ အနုပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်တာမျိုး နှစ်ကြိမ်လောက်ရှိပါတယ်။ ဒ့ါအပြင် အပြန်အလှန် စေလွှတ်ပြီး အနုပညာရပ်ဆိုင်ရာယဉ်ကျေးမှုဖလှယ်တဲ့ အစီအစဉ်တွေလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခိကကတော့ နိုင်ငံတကာပညာရှင်တွေနဲ့ ပေါင်းစပ်ဖျော်ဖြေပွဲတွေ ဆောင်ရွက်ခဲ့တာလည်း ရှိပါတယ်"ဟု ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များနှင့်ပတ်သက်၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်မြင့်က ပြောသည်။

သမိုင်းမှတ်တမ်းများကို ကွင်းဆင်းလေ့လာကာ သုတေသနစာတမ်းများ ရေးသားပြုစုထုတ်ဝေလျက်ရှိသည့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်များဦးစီးဌာနအနေဖြင့်လည်း ၂၀၁၆ ခုနှစ်အတွင်း မြန်မာသမိုင်းသုတေသနစာအုပ် ကိုးအုပ်နှင့် သမိုင်းဂျာနယ် နှစ်စောင် ထုတ်ဝေနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သမိုင်းဝင်ဒေသများသို့ ကွင်းဆင်းလေ့လာကာ မှတ်တမ်းများပြုစုနိုင်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာ့သမိုင်း၏ ပကတိဖြစ်ရပ်မှန်များကို သုတေသနပြုနိုင်ရန် မြန်မာသမိုင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး ကျွမ်းကျင်ပညာရှင်များက မိမိတို့ပိုင်နိုင်ရာ ခေတ်ကာလအပိုင်းအခြားအလိုက် ရေးသားပြုစုရေးစီမံချက်ကိုလည်း ရေးဆွဲချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အထောက်အထားများ ရေးသားပြုစုခြင်းအပြင် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ကိုရီးယား-မြန်မာ ဆက်သွယ်ပေါင်းစည်းရေးဖိုရမ်နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မျှော်မှန်းချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပနိုင်ခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဗဟုသုတ၊ သမိုင်းအထောက်အထား၊ အကိုးအကား ရှာမှီးလိုသူများအတွက် စာကြည့်တိုက်လုပ်ငန်းများနှင့် ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားစာကြည့်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးလမ်းသွယ်၌ ဖွင့်လှစ်ထားသည့် အမျိုးသားစာကြည့်တိုက်နေရာသည် အနည်းငယ်အတွင်းကျသဖြင့် အမှန်တကယ် စာဖတ်လိုသူများကို ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် ကုန်သည်လမ်းရှိ မြန်မာ့ရေနံရုံးချုပ်အဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်တို့အပြင် အခြား တိုင်းဒေသကြီးနှင့် မြို့နယ်အချို့တို့တွင်လည်း ရက်တိုစာကြည့်တိုက်ပညာအခြေခံအဆင့်သင်တန်းများကို သွားရောက်သင်ကြားပို့ချပေးလျက်ရှိသည်။

ထိုကဲ့သို့ မြန်မာတို့၏ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့ မပျောက်ပျက်ရအောင်၊ မြန်မာ့ရိုးရာ အမွေအနှစ်တို့ကို သိရှိလာပြီး နိုင်ငံတကာက လေးစားအားကျလာအောင်၊ ဘာသာ၊ သာသနာ ရောင်ဝါမညှိုးရအောင် စသဖြင့် **ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍရပ်များ**တွင် ထိန်းသိမ်းစောင့်ရှောက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်တာဝန်ကျေနေဦးမည်သာဖြစ်ပါကြောင်း။ ။



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့ ၂၀၁၆ ခုနှစ် မေ ၁၅ ရက်က တွေ့ဆုံပွဲအခမ်းအနားကျင်းပစဉ်။**

# ကြိုတင်ဝင်ငွေခွန် ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့် အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့် အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ် ရာခိုင်နှုန်းနှင့် ညီမျှသောငွေကိုဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဖြစ်ပါသည်။
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာ လိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ယောနယ်အသင်း(ရန်ကုန်)
## ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍာစရိယအား ချီးကျူးပူဇော်ပွဲ ဖိတ်ကြားလွှာ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်(၅)ရွာ၊ ရေကြည်စမ်း၊ ရေထွက်တောရ ကျောက်ဂူဆရာတော်၊ ဘဒ္ဒန္တကုဏ္ဍာစရိယ (မူတင်ဆောင်ဆရာတော်) အား ယောနယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ယောနယ်သူ/ယောနယ်သားများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညို လျှူဒါန်းပူဇော်နိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်**။ ။ တပေါင်းလပြည့်ကျော်(၈)ရက်၊ ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်**။ ။နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ**။ ။သတ္တာဒေဝ မန္တသာနံ(ယောနယ်အသင်းဓမ္မာရုံ) စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်။

(ကြွရောက်လာသော ဧည့်ပရိသတ်များအား စုပေါင်းအလှူရှင်များ၏ အာဟာရများဖြင့် ဧည့်ခံပါမည်။)

**အမှုဆောင်အဖွဲ့(ယောနယ်အသင်း-ရန်ကုန်)**

## ပြည်ထဲရေးဝန်ကြီးဌာန

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော စက်ဆီ/ချောဆီများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၁၃-၃-၂၀၁၇ရက်မှ ၂၀-၃-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၀-၃-၂၀၁၇ရက် ၁၄း၀၀ နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအားတစ်စောင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ်(၀၆၇-၄၁၂၅၁၂) သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

*** အကျုံးဝင်သည့် ဝင်ငွေများ**

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခ ရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်စသည့် ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခ ရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ "လစာ"မှ ဝင်ငွေသာ ဖြစ်သည်။

*** အခွန်နှုန်း။** ၁-၄-၂၀၁၇ရက်မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

*** စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း(Financial Statement) တင်ပြရပါမည်။

*** ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-

- မတည် စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင် များသည့်စရိတ်

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏စရိတ်နှင့် ရှေ့နေတစ်ဦး၏စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်း မရှိပါ။

*** အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်သည် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅ သိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်း ရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံ ဆောင်ရွက်ရန် မန်နေဂျာတစ်ဦး တစ်လ ၄သိန်းဖြင့် ၄၈သိန်း၊ အထွေထွေစရိတ် ၁သိန်း၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁၀၉သိန်း ဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာ သရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅သိန်း ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆သိန်းရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူဇနီးရှိပြီး သားသမီး ၂ ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| **သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း** | | = | ၅၄၅,၀၀,၀၀၀ |
| **(နုတ်) ကုန်ကျစရိတ်** | | | |
| ခရီးသွားလာစရိတ် | = ၃၅,၀၀,၀၀၀ | | |
| အလှပြင်စရိတ် | = ၁၅,၀၀,၀၀၀ | | |
| အဝတ်အထည်စရိတ် | = ၁၀,၀၀,၀၀၀ | | |
| အထွေထွေစရိတ် | = ၁၀၀,၀၀၀ | | |
| မန်နေဂျာလစာ | = ၄၈,၀၀,၀၀၀ | | |
| စုစုပေါင်းလုပ်ငန်းအတွက် ကုန်ကျစရိတ် | | = | ၁၀၉,၀၀,၀၀၀ |
| အသားတင်ဝင်ငွေ | | = | ၄၃၆,၀၀,၀၀၀ |
| **(နုတ်) သက်သာခွင့်များ** | | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်) | = ၈,၇၂၀,၀၀၀ | | |
| (ခ) အိမ်ထောင်ဖက်အတွက် | = ၁,၀၀၀,၀၀၀ | | |
| (ဂ) အိမ်ထောင်သည် သားအတွက် | = ခွင့်မပြု | | |
| (ဃ) ကျောင်းသူ သမီးအတွက် | = ၅၀၀,၀၀၀ | | |
| | = | = | ၁၀,၂၂၀,၀၀၀ |
| **အခွန်စည်းကြပ်ရန်ဝင်ငွေ** | | = | ၃၃,၃၈၀,၀၀၀ |

**အခွန်တွက်ချက်ခြင်း**

| | | |
|---|---|---|
| ၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိ အဆင့်ဆင့် စုစုပေါင်း | = | ၄၁,၅၀၀,၀၀ |
| ၃၀,၀၀၀,၀၀၁ ကျပ်မှ ၃၃၃၈၀,၀၀၀ထိ ကျန် ၃,၃၈၀,၀၀၀အတွက် ၂၅% | = | ၈၄၅,၀၀၀ |
| **စုစုပေါင်း ကျသင့်အခွန်** | = | ၄,၉၉၅,၀၀၀ |

**ပြည်တွင်းအခွန်များ ဦးစီးဌာန**

## ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့





# ပို့ကုန်/သွင်းကုန်လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုအခြေအနေနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း

- ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ၁၄၊ ပုဒ်မခွဲ(က)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစား (၈၇)မျိုးမှအပ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။
- ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်ပသို့တင်ပို့ရောင်းချသည့် ကုန်စည်များအနက် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့် လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပြီး အဆိုပါကုန်စည်နှစ်ခုမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည် ဖြစ်ပါသည်။
- ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်များနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်သူ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူများသည် အခွန်တစ်ကြိမ်တည်းသာကျသင့်စေရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း၄၂ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ခုနှိမ်ခွင့်များ ဆောင်ရွက်နိုင်ပါသည်။
- ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ဆောင်ရွက်သည့်လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ဆောင်ရွက်သည့် လုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အောက်ပါအထောက်အထားများ တင်ပြ၍ ခုနှိမ်ပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-
  - သွင်းကုန်ကြေညာလွှာ (Import Declaration) (မူရင်း/မိတ္တူ)၊ (ပြည်ပမှ ကိုယ်တိုင်တင်သွင်းခြင်းဖြစ်ပါက)
  - ပတခ(ကသခ)-၃၁မူရင်း/မိတ္တူ (ပြည်တွင်း၌ဝယ်ယူခဲ့ခြင်းဖြစ်ပါက)
    ပတခ(ကသခ)-၃၂မူရင်း/မိတ္တူ (ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက)
    ပတခ(ကသခ)-၃၃မူရင်း/မိတ္တူ ပတခ(ကသခ)-၂မိတ္တူ
  - လုပ်ငန်းဆောင်ရွက်သူက အခွန်ခုနှိမ်ပေးပါရန် တင်ပြစာ၊
  - လုပ်ငန်းမှတ်ပုံတင်လက်မှတ် မိတ္တူ

**ပြည်တွင်းအခွန်များဦးစီးဌာန**


**ပြည်လမ်းမတန်းခြံရောင်းမည်**

ပြည်လမ်းမတန်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊
(၄၂ ပေ× ၇၀ပေ) မြေသီးသန့်၊
ဘိုးဘွားအမည်ပေါက်ရောင်းမည်။
ဆက်သွယ်ရန် – 09 43999888

**မြေကွက်ကျယ်ရောင်းလိုသည်**

- ဟိုတယ်၊ ကိုယ်ပိုင်ကျောင်း၊ ဆေးရုံ၊ ဂိုဒေါင် လုပ်ငန်းလုပ်ရန် သင့်လျော်သည်။
- အင်းစိန်မြို့နယ်၊ မင်္ဂလာလမ်း၊ ၀. ၇၇၇ဧက အကျယ်ရှိ မြေကွက်
- လမ်းသစ်လမ်းအနီး၊ အာလိန်ငါးဆင့်ဘုရားရှေ့လမ်း၊ စော်ဘွားကြီးကုန်းအနီး၊ ပြည်လမ်းသို့ လမ်းပေါက်
- ပိုင်ရှင်အမည်ပေါက်ဂရန်၊ ညှိနှိုင်းဈေး

ဖုန်း-၀၉-၄၂၅၂၉၃၃၉၇၊ ၀၉-၅၁၅၈၇၉၉

**FAST FORWARD အကျိုးဆောင်မှ ငှားမည်**

| | | | |
|---|---|---|---|
| ကမာအေးရွှေဂုံသူကွန်ဒို | (1500SF) | 1MBR,2BR,4A/C,ပြင်ပြီး | 12 သိန်း |
| လှိုင်အေးရိပ်မွန်အိမ်ရာ | (95'x100') | 2RC,3MBR,1BR,3AC | 15 သိန်း |
| နတ်မောက်ရိပ်သာလမ်း | (40'x60') | 1½RC,1MBR,1BR,2AC | 17 သိန်း |
| Diamond Condo | (1850SF) | 1MBR,2BR,4A/C,FF | 18 သိန်း |
| ၆မိုင်ခွဲ ကန်လမ်း | (40'x80') | 2RC,2MBR,2BR,4AC | 20 သိန်း |
| ပါရမီရိပ်သာ | (45'x60') | 2½RC,3MBR,3AC | 20 သိန်း |
| ဦးလွန်းမောင်လမ်း | (45'x90') | 2RC,3MBR,2BR,5AC | 20 သိန်း |
| မြောက်ဥက္ကလာဇုန် | (50'x120') | 1RC,Hall,ပစ္စည်းထား | 25 သိန်း |
| သုရိန်ရိပ်မွန်အိမ်ရာ | (65'x90') | 2RC,4MBR,2BR | 25 သိန်း |
| ၇မိုင် ပြည်လမ်းသန့် | (60'x120') | 2RC,1MBR,2BR,4AC | 25 သိန်း |
| စမ္မခေတီလမ်းမပေါ် | (50'x50') | 3F,Hall,Officeကောင်း | 25 သိန်း |
| ၇မိုင် ကုန်းမြင့်ရိပ်သာ | (100'x100') | 2RC,3MBR,2BR,5AC | 28 သိန်း |
| ရန်ကင်းဘောက်ထော် | (50'x100') | 2RC,3MBR,2BR,5AC | 30 သိန်း |
| တောင်ဥက္ကလာဇုန် | (50'x100') | 1RC,Hall,ပစ္စည်းထား | 40 သိန်း |
| သုဝဏ္ဏVIP 1 | (100'x100') | 2RC,4MBR,2BR,5AC | 40 သိန်း |
| လှိုင်မြကန်သာအိမ်ရာ | (100'x100') | 2RC,6MBR,2BR,5AC | 40 သိန်း |
| ရန်ကင်း၊ ပါရမီရိပ်သာ | (55'x60') | 3RC,6MBR,8AC,FFun; | 36 သိန်း |
| ၆မိုင်ခွဲ ကန်လမ်းမ | (40'x78') | 4RC,Officeကောင်း | 30 သိန်း |
| ၆မိုင်ခွဲ ဓမ္မာရုံလမ်း | (40'x70') | 4RC,9MBR,4BR,10AC | 50 သိန်း |
| ၅မိုင်ခွဲ ပြည်လမ်းသန့် | (75'x175') | 1RC-2လုံး,စားသောက်ဆိုင်ရ | 55 သိန်း |
| ပါရမီလမ်းမပေါ် | (80'x100') | 2RC,ထုပ်ငန်းရုံရ | 65 သိန်း |

ကွန်ဒို၊ လုံးချင်း၊ မြေကွက်၊ ဂိုဒေါင်များအပ်နှံပေးရန် ဖိတ်ခေါ်ပါသည်။
☎ :09 43129093, 09 421080005, 09791444451






**GLOBAL PHOENIX**
အိမ်ခြံမြေ အကျိုးဆောင်

အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။

09-260 2600 29 / 59


**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မြောင်းမြမြို့၊ အောင်ဆန်း(၁)လမ်းနေ ကျွန်တော်/ကျွန်မတို့၏ သား မောင်သူရအောင်(ခ)ဘာဘူ သည် မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဦးမြင့်ကြည်-ဒေါ်မြင့်မြင့်အေး**


**" ရွှေမြည်အိမ်အကျိုးဆောင် "**

| | | | |
|---|---|---|---|
| Hill Top ကွန်ဒို | (2470sqft) | 2MBR,1BR | 1sqft-1.8 သိန်း |
| ကမ်းနားလမ်းမကွန်ဒို | (1880sqft) | 1MBR,2BR | 3100 သိန်း |
| ဆရာစံကွန်ဒို | (1900sqft) | 2MBR,1BR | 3000 သိန်း |
| ကမ်းနားလမ်းမကွန်ဒို | (2100sqft) | 1MBR,2BR | 2800 သိန်း |
| တက္ကသိုလ်ရိပ်မွန်ကွန်ဒို | (1350sqft) | 1MBR,2BR | 2500 သိန်း |
| Junction-စဝနကွန်ဒို | (1250sqft) | 1MBR,2BR | 1500 သိန်း |
| အေဒီလမ်းသန့် | (60'x100') | 2RC,3MBR2BR | $3000 |
| အင်းယားလမ်းသန့် | (50'x65') | 2RC,4MBR | $2100 |
| မင်းဓမ္မလမ်းအိမ်ရာ | (100'x100') | 2RC,6MBR | 45 သိန်း |
| အောင်သိဒ္ဓိလမ်းသန့် | (80'x80') | 2RC,1MBR,5BR | 28 သိန်း |
| သီရိဂုဏ်အိမ်ရာ | (60'x60') | 2RC,2MBR,2BR | 25 သိန်း |
| တာမွေ၊ LBC အနီး | (75'x80') | 2RC,1MBR,2BR | 24 သိန်း |
| ၉မိုင်၊မဟိုရိပ်လမ်းသန့် | (100'x80') | 2RC,4MBR,AC5 | 22 သိန်း |
| သုဝဏ္ဏ VIP-1 | (60'x90') | 2RC,4MBR,1BR | 22 သိန်း |
| ရွှေခွင်းဆီလမ်းမ | (50'x100') | 1RC,1MBR,2BR | 18 သိန်း |
| ကံ့ကော်ကွန်ဒို၊ ဒဂုံ | (28'x60') | 3MBR,1BR | 17 သိန်း |
| မြွှာညီအိမ်ရာ | (67'x67') | 2RC,4MBR,1BR | 15 သိန်း |
| ရန်ကင်း၊ဘောက်ထော် | (60'x55') | 1RC,1MBR,3BR | 15 သိန်း |
| ရဲဘော်ပြည်လမ်းသန့် | (60'x80') | 1RC,1MBR,3BR | 15 သိန်း |

09 4444 55 346, 09 7700 87798, 09 7700 87738


**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

